mgyoe.com



# ဗုဒ္ဓနှင့်သူ၏ဓမ္မ

## အပိုင်း (၂)

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

mgyoe.com

mgyoe.com

အယူဝါဒပြောင်းလဲမှုအတွက် ကြိုးပမ်းချက်
အယူဝါဒပြောင်းလဲမှုအတွက် ကြိုးပမ်းချက်
ဗုဒ္ဓနှင့်သူ၏ ဝိဇ္ဇာစရဏအကျင့်
တရားဓမ္မဟောပြောရန် သင့် မသင့် စဉ်းစားတော်မူခြင်း
သဟမ္ပတိဗြဟ္မာကြီး၏ ကောင်းသတင်းကြွေးကြော်ချက်
အယူဝါဒပြောင်းလဲခြင်းနှစ်မျိုး
။ အယူဝါဒပြောင်းလဲခြင်း
။ ပရိဗိုဇ်ရဟန်းများ၏ အယူဝါဒပြောင်းလဲခြင်း
။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ မိဂဒါဝုန်သို့ ရောက်ရှိခြင်း
။ ရှင်တော်ဂေါတမ၏ ပထမဆုံးတရားတော်
၇။ ဘုရင်မင်းမြတ်နှင့် အကျင့်မြတ်ရှာကြံနေသူများအား
၈။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခြင်း
ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း
၉။ ယသသတို့သား၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း
၁၀။ ကဿပ ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်ခြင်း
၁၁။ အရှင်သာရိပုတ္တာလောင်းလျာနှင့် အရှင်မဟာမောဂ္ဂလန်
လောင်းလျာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း
၁၂။ ဗိမ္ဗိသာရဘုရင်မင်းမြတ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း

# ဗုဒ္ဓနှင့်သူ၏ဓမ္မ

## အပိုင်း (၂)

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

taya0043
2,500.00 KS

mgyoe.com

ဗုဒ္ဓနှင့်သူ၏ဓမ္မ(အတွဲ-၂)၊ အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး
စာမျက်နှာ ၁၉၃ မျက်နှာ၊ ၁၄ • ၅ စင်တီ x ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဗုဒ္ဓနှင့်သူ၏ဓမ္မ

## (အတွဲ-၂)

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | ရှေးဦးစွာရေးသား အမှာစကား | က |
| - | ဘာသာပြန်ဆိုရေးသားခြင်းနှင့်စပ်လျဉ်း၍ | ဃ |
| - | အယူဝါဒပြောင်းလဲမှုအတွက် ကြိုးပမ်းချက် | ဆ |
| ၁။ | ဗုဒ္ဓနှင့်သူ၏ ဝိဇ္ဇာစရဏအကျင့် | ၁ |
| ၂။ | တရားဓမ္မဟောပြောရန် သင့် မသင့် စဉ်းစားတော်မူခြင်း | ၁ |
| ၃။ | သဟမ္ပတိဗြဟ္မာကြီး၏ ကောင်းသတင်းကြွေးကြော်ချက် | ၇ |
| ၄။ | အယူဝါဒပြောင်းလဲခြင်းနှစ်မျိုး | ၉ |
| ၅။ | ပရိဗိုဇ်ရဟန်းများ၏ အယူဝါဒပြောင်းလဲခြင်း | ၁၂ |
| ၆။ | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ မိဂဒါဝုန်သို့ ရောက်ရှိခြင်း | ၁၃ |
| ၇။ | ရှင်တော်ဂေါတမ၏ ပထမဆုံးတရားတော် | ၁၅ |
| ၈။ | ဘုရင်မင်းမြတ်နှင့် အကျင့်မြတ်ရှာကြံနေသူများအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခြင်း | ၄၃ |
| ၉။ | ယသသတို့သား၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း | ၄၄ |
| ၁၀။ | ကဿဖ ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်ခြင်း | ၄၈ |
| ၁၁။ | အရှင်သာရိပုတ္တလောင်းလျာနှင့် အရှင်မဟာမောဂ္ဂလန် လောင်းလျာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း | ၅၅ |
| ၁၂။ | ဗိမ္ဗိသာရဘုရင်မင်းမြတ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း | ၆၁ |


mgyoe.com

၁၃။ အနာထပိဏ်သူဌေး ဗုဒ္ဓဘာသာဖြစ်လာခြင်း ၆၆

၁၄။ ပသေနဒီကောသလမင်း ဗုဒ္ဓဘာသာဝင်ဖြစ်လာခြင်း ၇၃

၁၅။ ဇီဝကသမားတော် ဗုဒ္ဓဘာသာဝင်ဖြစ်လာခြင်း ၇၈

၁၆။ ရဋ္ဌပါလ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းခြင်း ၈၁

၁၇။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား နန်းတော်မှပြန်ခေါ်ခြင်း ၉၅

၁၈။ သုဒ္ဓေါဓနနှင့် နောက်ဆုံးကြည့်ရှုတော်မူခြင်း ၉၆

၁၉။ ယသော်ဓရာနှင့် ရာဟုလာတို့အား တွေ့ဆုံခြင်း ၁၀၃

၂၀။ သကျသာကီယမင်းတို့၏ ကြိုဆိုဧည့်ခံမှု ၁၀၈

၂၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား အိမ်ယာတည်ထောင်
လူ့ဘောင်သို့ပြန်လာရန် နောက်ဆုံးကြိုးပမ်းမှု ၁၁၃

၂၂။ ရှင်တော်ဂေါတမ၏ ဖြေကြားချက် ၁၁၆

၂၃။ နန်းရင်းဝန်ကြီး၏ ပြန်ကြားလျှောက်ထားချက် ၁၁၉

၂၄။ ရှင်တော်ဂေါတမ၏ စဉ်းစားဆုံးဖြတ်ချက်များ ၁၂၃

၂၅။ ဘာသာအယူဝါဒပြောင်းလဲရေးအတွက် ကြိုးပမ်းချက်
ပြန်လည်စတင်ခြင်း ၁၂၇

၂၆။ ကျေးလက်တောရွာသား ပြဟ္မဏဗုဏ္ဏားများအား
အယူဝါဒပြောင်းပေးခြင်း ၁၂၇

၂၇။ ဥတ္တရဝတီရွာနေ ပြဟ္မဏများအား
ဘာသာကူးပြောင်းစေခြင်း ၁၃၁

၂၈။ ဇာတ်နိမ့်သူများနှင့် လူ့အခွင့်အရေးချို့ငဲ့သူများ
ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြခြင်း ၁၃၅

၂၉။ ဆတ္တာသည် ဥပါလိ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း ၁၃၆

၃၀။ သန့်ရှင်းရေးလုပ်သားဆူနီတာ ဘာသာပြောင်းခြင်း ၁၃၇

၃၁။ ဇာတ်အနိမ့်ဆုံးဖြစ်သော သောပါကနှင့် သုပ္ပိယတို့
ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခြင်း ၁၃၉

၃၂။ ဇာတ်နိမ့်သူ သုမင်္ဂလနှင့် အခြားသူများ
ဘာသာကူးပြောင်းခြင်း ၁၄၁


mgyoe.com
mgyoe.com

၃၃။ အနာကြီးရောဂါဖြစ်နေသူ သူပုဗ္ဗုဒ္ဓ ဘာသာပြောင်းခြင်း ၁၄၂
၃၄။ အမျိုးသမီးကြီးများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း ၁၄၇
၃၅။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာနှင့် သူမ၏
အပေါင်းအသင်းများ ဘာသာကူးပြောင်းခြင်း ၁၄၇
၃၆။ စဏ္ဍာလမာတင်္ဂါမ ပရာကရတ္တိအား အယူဝါဒပြောင်းစေခြင်း ၁၅၅
၃၇။ လဲကျသူကိုထူ ကူညီဖေးမ ရှင်တော်ဂါတမမြတ်ဗုဒ္ဓ
လူရိုင်းကြီးအား ဘာသာအယူဝါဒပြောင်းစေခြင်း ၁၆၃
၃၈။ အခြေအနေမဲ့သူတစ်ဦးအား ဗုဒ္ဓဘာသာသို့
ကူးပြောင်းစေခြင်း ၁၆၃
၃၉။ ဓားပြကြီးအင်္ဂုလိမာလအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေခြင်း ၁၆၆
၄၀။ ရာဇဝတ်သားများအား ဗုဒ္ဓဘာသာသို့ ပြောင်းပေးခြင်း ၁၇၄
၄၁။ ဘာသာအယူဝါဒကူးပြောင်းခြင်း၏ ကောင်းကျိုး ဆိုးပြစ် ၁၇၇
၄၂။ ဒေါက်တာအင်ဘေကာနှင့်
အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး ၁၈၁
၄၃။ ကျေးဇူးတင်လွှာ ၁၉၃

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ရှေးဦးစွာရေးသားအပ်သောစကား

၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဂုဏ်တော်များအနက် အောက်တွင် ဖော်ပြပါ ၉ ပါးသော ဂုဏ်တော်တို့သည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသည့် သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့၌ အလေးအမြတ် ရှိခိုးပူဇော် ကြည်ညိုကန်တော့ကြသော ဂုဏ်တော်များ ဖြစ်ပါသည်။

(၁) **အရဟံဂုဏ်တော်** - ခပ်သိမ်းသောကိလေသာအပေါင်းတို့မှ လုံးဝ ကင်းစင်လွတ်မြောက်တော်မူသဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ ပူဇော် အထူးကို ခံယူတော်မူထိုက်သောဂုဏ်တော်

(၂) **သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်** - ဉေယျမ်တရား ၅ ပါးနှင့်တကွ အလုံးစုံသော တရားအပေါင်းတို့ကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိမြင် နားလည်တော်မူခြင်း ဂုဏ်တော်

(၃) **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်** - ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့် ငါးပါးတို့ကို အသိနှင့်အကျင့် ယှဉ်တွဲလျက် သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာ ထွက် မြောက်ကြောင်း ပြုလုပ်စရာမှန်သမျှ ပြုတော် မူပြီးသော ဂုဏ်တော်

mgyoe.com

mgyoe.com

(၄) သုဂတောဂုဏ်တော် - သတ္တဝါဝေနေယျတို့၏အကျိုးကို အစဉ်အမြဲ ရှေးရှုပြီး ကောင်းသောစကားကိုသာ ပြောဆိုတော်မူသော ဂုဏ်တော်

(၅) လောကဝိဒူဂုဏ်တော် - သင်္ခါရလောက(သက်ရှိသက်မဲ့ အရာအားလုံးတို့သည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် သဘာဝ) သတ္တလောက (စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏ သက်ဝင်လှုပ်ရှားမှု ပြုနိုင်သည့် သဘာဝ) ဩကာသလောက(သက်ရှိ၊သက်မဲ့ အရာအားလုံး ရပ်တည်နိုင်ရန် နေရာကွက်လပ်ဖြစ်ပေါ်နေသော သဘာဝ)တည်းဟူသော လောကသုံးပါးကို သိမြင်တော်မူသော ဂုဏ်တော်

(၆) အနုတ္တရောပုရိသဓမ္မသာရထိ ဂုဏ်တော် - လူ၊နတ်၊ဗြဟ္မာသတ္တဝါတို့၏ မယဉ်ကျေးသောစိတ်အစဉ်ကို လိမ္မာယဉ်ကျေးအောင် ဆုံးမရာတွင် အခြားသူများအားလုံးထက် သာလွန်သည့် ဂုဏ်တော်

(၇) သတ္ထာဒေဝမနုဿာနံ ဂုဏ်တော် - လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်သော ဂုဏ်တော်

(၈) ဗုဒ္ဓေါဗုဒ္ဓဂုဏ်တော် - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဂုဏ်တော်

(၉) ဘဂဝါဂုဏ်တော် - ဣဿရိယ၊ ဓမ္မ၊ ရသ၊သိရိ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဂုဏ်တော်

၂။ အိန္ဒိယနိုင်ငံအပါအဝင် အခြားသောကမ္ဘာနိုင်ငံများက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သိရှိနားလည်ထားကြသည့်အတိုင်း ရှင်တော်ဂေါတမ

mgyoe.com

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များ တင်စားခေါ်ဆိုကြသောစကားနှင့်စာပေတို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်-

"(1) the Buddha (2) the Lord Buddha (3) the Lord (4) Bagavan (5) the Tathagato (6) the Blessed (7) the Blessed one (8) the Blessed Lord (9) Mahasammana (10) Enlightemed one (11) the Great teacher of Man Kind (12) the Preacher of Truth (13) the Exalted one (14) the Master (15) the Holy one (16) Lord of Truth (17) the Muni (18) His, (19) Him (20) the Great Brahma"

၃။ ဗုဒ္ဓနှင့်ဓမ္မစာအုပ်ကို ရေးသားပြုစုသူ အိန္ဒိယနိုင်ငံ တရားရေးဝန်ကြီး ဟောင်း ဒေါက်တာအင်ဘေကာသည် အင်္ဂလိပ်စာပေအရေးအသား အလွန် ကျွမ်းကျင်သော ခေတ်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ၎င်း၏စာအုပ်တွင် Literal meaning နှင့် Old Usage များကို ထည့်သွင်းရေးသားထားခဲ့ရာ မြန်မာ ဘာသာပြန်ဆိုရာတွင် အခက်အခဲများတွေ့ရှိရသော်လည်း အတတ်နိုင်ဆုံး ချောမောပြေပြစ်စေရန် ကြိုးစားခဲ့ရပါ၏။

၄။ ကျွန်ုပ်သည် မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားရာတွင် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို ချီးကျူးပူဇော်သည့်အနေဖြင့် "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ" ဟူသော တစ်မျိုးတည်းသော မြန်မာစကားကိုသာ အသုံးပြုရေးသား ဖော်ပြခဲ့ ပါကြောင်း စာဖတ်သူအား လေးစားစွာတင်ပြအပ်ပါသည်။

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အိန္ဒိယနိုင်ငံ၊ တရားရေးဝန်ကြီးဟောင်း (ကွယ်လွန်) ရေးသားခဲ့သော ဗုဒ္ဓနှင့်သူ၏ဓမ္မ ( အတွဲ-၂ ) မြန်မာဘာသာပြန် - ဦးမှုံ (လ-ထညွှန်မှူး-ငြိမ်း ) (အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး) ဘာသာပြန်ဆိုရေးသားခြင်းနှင့် စပ်လျဉ်း၍

၁။ ကျွန်ုပ်သည် အသက် ၈၀ ပြည့်ရန် လပိုင်းသာလိုတော့သည့်အချိန်ဖြစ်သော်လည်း ဤဗုဒ္ဓနှင့်သူ၏ဓမ္မ(အတွဲ-နှစ်)ကို ဆက်လက်၍ပြန်ဆိုရေးသားရန် အကြောင်းက ကျွန်ုပ်အားတွန်းပို့ခဲ့ပါသည်။ အဆိုပါ အကြောင်းတရားမှာ လက်ခံဆောင်ရွက်သင့်သောအကြောင်းတရားဖြစ်၍ အသက်အရွယ်ကြောင့် အမြင်ကြည်လင်မှုမရှိသောမျက်စိကို သင့်တော်သည့် ဆေးဝါးအကူအညီဖြင့် ပြန်ဆိုရေးသားလိုက်ရပါသည်။ ဆောင်ရွက်သင့်သည်ဟူ၍ ယူဆသော အကြောင်းတရားမှာ အခြားမဟုတ်မူ၍ ကျွန်ုပ်၏ဇနီးဖြစ်သူ ဒေါ်စိန်မေ၏ တောင်းဆိုချက်ကြောင့် ဖြစ်ပါသည်။ ဒေါ်စိန်မေသည် မြန်မာစာ ကောင်းစွာရေးဖတ်သူတစ်ယောက်ဖြစ်သော်လည်း စာဖတ်အားနည်းမှုကြောင့် ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်များကို ပြည့်ပြည့်စုံစုံ မသိသေးသူဖြစ်သည့်အားလျော်စွာ ကျွန်ုပ်မြန်မာဘာသာပြန်ဆိုခဲ့သည့် ဗုဒ္ဓနှင့် သူ၏ဓမ္မ(အတွဲ-တစ်)မှ ဗုဒ္ဓလောင်းလျာသိဒ္ဓတ္ထမင်းသား အမိမယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ သန္ဓေတည်စဉ်မှ ဗုဒ္ဓတစ်ဆူဖြစ်တော်မူသည်အထိ အပိုင်းများအား ဖတ်ရှုပြီးနောက် စိတ်ဝင်စားလာပြီး ဗုဒ္ဓနှင့်သူ၏ဓမ္မ စာအုပ်၏ ကျန်အပိုင်းများကိုပါ မြန်မာဘာသာသို့ပြန်ဆိုရေးသားရန်တိုက်တွန်းချက်အရ ဤ(အတွဲ-နှစ်)ကို ပြန်ဆိုရေးသားလိုက်ရသည်။ (အတွဲ-တစ်)မှာ ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်ဖြစ်ပါသည်။ ယခုပြန်ဆိုရေးသားသည့်

(အတွဲ-နှစ်)မှာ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ပထမဆုံး ဟောကြားတော်မူခဲ့သည့် ဓမ္မစက္ကပဝတ္တနသုတ္တန်မှအစပြု၍ အိန္ဒိယနိုင်ငံ ဘာသာရေးအမြင်အရ ဗုဒ္ဓဝင်ဆိုင်ရာ စာပေများအပေါ် အခြေခံ၍ ရေးသားထားခြင်းဖြစ်ရာ မြန်မာနိုင်ငံဗုဒ္ဓဘာသာဆိုင်ရာစာပေများတွင် အပါအဝင်ဖြစ်သည့် ဇိနတ္ထပကာသနီကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းပါအချက်အလက်များနှင့် ထပ်တူထပ်မျှ မတူသည့် အပြင် အနည်းငယ်ကွဲလွဲမှုများ ရှိကောင်းရှိမည်ဖြစ်ပါသည်။ ဘာသာပြန်ဆိုရေးသားသူ ကျွန်ုပ်၏အယူအဆကို အမှန်အတိုင်းတင်ပြရလျှင် စာရေးဆရာ ဒေါက်တာအင်ဘေကာသည် ဤဗုဒ္ဓနှင့်သူ၏ဓမ္မ (Buddha and His Dhamma)စာအုပ်ကို အိန္ဒိယနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ (Historical background)အပေါ် အခြေခံ၍ ရေးသားပူဇော်ထားခြင်းဖြစ်မည်ဟု ယူဆပါသည်။ စာရှုသူအနေဖြင့် ဝေဖန်ပိုင်းခြားမှတ်သား နိုင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၂။ ဤ THE BUDDHA AND HIS DHAMMA စာအုပ်ကို ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန၊ ကထိက သီလရှင် ဒေါ်နိမလနှင့် ဒေါ်ယုဇနဉာဏီတို့သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ (၅)နှစ်ကြာမျှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ ဒေလီတက္ကသိုလ်တွင် Ph.D ဘွဲ့ယူရန် ကျောင်းဆက်တက်နေစဉ် ဝယ်ယူပေးပို့လာသဖြင့်သာလျှင် ကျွန်ုပ်အနေဖြင့် မြန်မာဘာသာသို့ပြန်ဆို ရေးသားဖြစ်ခဲ့ပါသည်။ သို့ပါ၍ ဆရာလေး ၂ ပါးကို ပထမဦးစွာ ကျေးဇူးတင်ရမည်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် ဆက်လက် ဘာသာပြန်ဆိုရေးသားပေးရန် တောင်းဆိုသည့် ဇနီးဖြစ်သူ ဒေါ်စိန်မေအားလည်း ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ တတိယအနေအားဖြင့် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်နှစ်ဦးမှာ ကျွန်ုပ်ရေးသားပြန်ဆိုသည့် စာအုပ်များကို စီးပွားရေး သက်သက်မျှကိုသာမကြည့်ဘဲ ကလောင်သစ်တစ်ဦးဖြစ်လာစေရေး အားပေးသည့်အနေဖြင့် ရိုက်နှိပ်ထုတ်ဝေပေးသည့် စိတ်ကူးချိုချိုအနုပညာ စာအုပ်တိုက်ပိုင်ရှင် ဦးစန်းဦး+ဒေါ်ဝင်းမာ တို့အား ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

mgyoe.com
mgyoe.com

mgyoe.com

# အယူဝါဒပြောင်းလဲမှုအတွက် ကြိုးပမ်းချက်
# Campaign of Conversion

အပိုင်း ၁ ဗုဒ္ဓနှင့်သူ၏ ဝိဇ္ဇာစရဏအကျင့်
Part (I) Buddha and His Vishad Yoga.
အပိုင်း ၂ ပရိဗိုဇ်ရဟန်းများ၏ အယူဝါဒပြောင်းလဲခြင်း
Part (II) The Conversion of the Parivrajakas.
အပိုင်း ၃ ဘုရင်မင်းမြတ်နှင့် အကျင့်မြတ်ရှာကြံနေသူများအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခြင်း
Part (III) Conversion of the High and the Holy.
အပိုင်း ၄ နန်းတော်မှ ပြန်ခေါ်ခြင်း
Part (IV) Call from Home.
အပိုင်း ၅ ဘာသာအယူဝါဒပြောင်းလဲရေးအတွက် ကြိုးပမ်းချက် ပြန်လည်စတင်ခြင်း။
Part (V) Campaign for conversion Resumed.
အပိုင်း ၆ ဇာတ်နိမ့်သူများနှင့် လူ့အခွင့်အရေးချို့ငဲ့သူများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခြင်း
Part (VI) Conversion of the Low and the Lowly.
အပိုင်း ၇ အမျိုးသမီးကြီးများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း။
Part (VII) Conversion of Women.
အပိုင်း ၈ လဲကျသူကိုထူ ကူညီဖေးမ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် လူရိုင်းကြီးအား ဘာသာအယူဝါဒပြောင်းစေခြင်း
Part (VIII) Conversion of the Fallen and the Criminals.

အထက်ဖော်ပြပါ ခေါင်းစဉ်များသည် ဗုဒ္ဓနှင့်သူ၏ဓမ္မစာအုပ် အတွဲ-၂ ၏ အခန်းအလိုက်ခေါင်းစဉ်များ ဖြစ်ပါသည်။ ။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

အပိုင်း(၁)

# ဗုဒ္ဓနှင့်သူ၏ ဝိဇ္ဇာစရဏအကျင့်

# PART I
# Buddha and His Vishad Yoga

| | | |
|---|---|---|
| ၁။ | To preach or not to preach | တရားဓမ္မဟောပြရန် သင့်မသင့် စဉ်းစားတော်မူခြင်း |
| ၂။ | Proclamation of good news by Bramha Sahampati. | သဟမ္ပတိဗြဟ္မာကြီး၏ ကောင်းသတင်း ကြွေးကြော်ချက် |
| ၃။ | Two types of Conversion | အယူဝါဒပြောင်းလဲခြင်းနှစ်မျိုး |

## (၁) တရားဓမ္မဟောပြရန် သင့် မသင့် စဉ်းစားတော်မူခြင်း
## (1) To Preach or Not to Preach

၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သဗ္ဗညုတရွှေဉာဏ်တော်ရရှိ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး တရားဓမ္မအလင်းရောင် ထွန်းပြောင် စေတော်မူခဲ့ပြီးနောက် စိတ်တော်၌ သတ္တဝါဝေနေယျတို့အား မိမိကျင့်ကြံ တွေ့ရှိတော်မူသည့် တရားမြတ်ဒေသနာကို ဖြန့်ဝေဟောကြားတော်မူခြင်းငှာ မသင့်လျော်သေးဟူ၍ သံသယအတွေးဝင်ရောက်ခဲ့လေသည်။ ကိုယ်တိုင် တွေ့ရှိခံစားရသည့် ငြိမ်းချမ်းရေး တရားကို ဝေနေယျသတ္တဝါများအား ဟောကြားပြသဆုံးမရန် သင့်ပါမည်

လော၊ သို့မဟုတ် မိမိတစ်ဦးတည်းသာလျှင် ကျင့်သုံးဆောက်တည်ရန် သင့်ပါမည်လော ဟူ၍ ချင့်ချိန်စဉ်းစားတော်မူခဲ့သည်။

၂။ မိမိကိုယ်မိမိပြောကြားတော်မူသည်မှာ "မှန်ကန်ပါ၏။ တရားဓမ္မရောင်ခြည်သစ်ကို ရရှိခဲ့ပေပြီ။ သို့သော် ဤမျှခက်ခဲနက်နဲသော တရားတော်အား သာမာန်လူပုဂ္ဂိုလ်အများ နားလည်သဘောပေါက်လက်ခံနိုင်ပါမည်လော။ ဤတရားတော်သည် ပညာရှိသောပုဂ္ဂိုလ်များသာလျှင် သိမြင်နားလည်နိုင်သော တရားဖြစ်သည်" ဟူ၍ ကြံစည်စဉ်းစားမိသည်။

၃။ အနန္တတန်ခိုးရှင်နတ်ဘုရားရှိသည်ဟူ၍လည်းကောင်း၊ အသက်လိပ်ပြာဝိညာဉ်ရှိသည်ဟူ၍လည်းကောင်း၊ လူ့ဘောင်လောက လူ့ဘဝတွင် စွဲလမ်းနေသော အယူဝါဒကို စွန့်ခွာလွတ်မြောက်ရေးကိစ္စမှာ များစွာခက်ခဲသောအလုပ်ဖြစ်ပါသည်။ ထိုနည်းအတူ ဆုတောင်းဝတ်ပြု ယစ်ပူဇော်မှုပွဲလမ်းသဘင် ပြုလုပ်သည့် အယူအဆကို စွန့်လွှတ်ရေးကိစ္စမှာ အထူးခက်ခဲလှသောအရာဖြစ်ပေသည်။

၄။ "လူ သတ္တဝါတို့၏အသက်ဝိညာဉ်သည် အမြဲတစေတည်ရှိနေပြီး လူသေသွားသော်လည်း အသက်ဝိညာဉ်သည် မည်သည့်အခါမျှ ကုန်ဆုံးပျောက်ကွယ်သွားခြင်းမရှိဘဲ သည်ဘဝမှ ဟိုဘဝ၊ ဟိုဘဝမှ နောက်ဘဝသို့ ပြောင်းရွှေ့နေသည် ဟူသော အယူအဆအစွဲအလမ်းကို စွန့်လွှတ်ပြီး ငါဘုရားဟောကြားသည့် အနတ္တဝါဒ တရားဒေသနာကို လက်ခံယုံကြည်ရေးနှင့် အသက်လိပ်ပြာဝိညာဉ်ကောင်သည် လူသေဆုံးပြီးနောက် တည်ရှိနေသည်ဟူသော မိစ္ဆာဒိဋ္ဌိအယူကို စွန့်လွှတ်ရေးကိစ္စမှာ အလွန့်အလွန်ခက်ခဲလှသော အရာဖြစ်သည်"

၅။ "လူဆိုသောသတ္တဝါသည် မိမိအတ္တနှင့်တစ်ကိုယ်ကောင်းဆန်သည့် အတွေးအခေါ်ကို ရှေ့တန်းတင်၍ မိမိကိုယ်ကျိုးရရှိမှုအပေါ်၌သာ ပျော်ပိုက်သော သတ္တဝါဖြစ်သည်။ ငါဘုရားဟောကြားဆုံးမလိုသည့် ငါစွဲ အတ္တကို ဖယ်ရှားလွန်မြောက်ရေးနှင့် ကောင်းမြတ်မှန်ကန်သော အကြံအစည် (righteousness) အား ကျင့်သုံးလိုက်နာရေး တရားဒေသနာမှာ ၎င်းတို့အဖို့ လက်ခံယုံကြည်ရန် အလွန်တရာ ခက်ခဲလှပေ၏။"

၆။ "အကယ်၍ ငါဘုရား၏တရားဒေသနာကို ဟောကြားညွှန်ပြ ဆုံးမ

ခဲ့သည်ရှိသော်လည်း လူသတ္တဝါဝေနေယျတို့ နားလည်သဘောပေါက်မည် မဟုတ်သဖြင့် ငါဘုရား၏တရားဒေသနာကို လက်ခံယုံကြည်ကြမည် မဟုတ်ချေ။ ငါ၏အဆုံးအမသာသနာသည် အချီးနှီးသာဖြစ်ပေလိမ့်မည်။ မည်သည့်အကျိုးသက်ရောက်မှုမျှမရှိဘဲ ပင်ပန်းရုံမျှသာဖြစ်ပေလိမ့်မည်။"

၇။ "ငါဘုရားကိုယ်တိုင် ကျင့်ကြံတွေ့ရှိခဲ့ရသော သစ္စာလေးပါးတရားမြတ်ကို ငါဘုရားကိုယ်တိုင်သာ လိုက်နာကျင့်သုံးလျက် လောကီလူ့ဘောင်မှ ရှောင်ခွာပြီး ရဟန်းဘဝဖြင့် အဘယ်ကြောင့်မနေနိုင်ရမည်နည်း?"။ ဂေါတမဗုဒ္ဓသည် သူ့ကိုယ်သူမေးခွန်းထုတ်လိုက်သည်။ "မိမိကိုယ်တိုင်သာလျှင် ကောင်းမြတ်သော အကျင့်ဖြင့် အသက်ထက်ဆုံး နေထိုင်တော့မည်"ဟူ၍ စဉ်းစားမိသည်။

၈။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဤကဲ့သို့ ပြန်လည်စဉ်းစား သုံးသပ်တော်မူပြီး သစ္စာလေးပါးတရားတော်ကို ဟောကြားခြင်းမပြုရန် ဆုံးဖြတ်လိုက်သည်။

၉။ ထိုသို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏စိတ်တွင် ဖြစ်ပေါ်လျက်ရှိသော သစ္စာလေးပါးတရားတော်ကို သတ္တဝါဝေနေယျတို့အား ဟောကြားခြင်းမပြုတော့ရန် စဉ်းစားဆုံးဖြတ်ချက်ကို သိရှိနားလည်သွားခဲ့သူ သဟမ္ပတိဗြဟ္မာကြီး (Brahma Sahampati)က စဉ်းစားမိသည်မှာ " ပုပ္ပေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယဉာဏ်တော်မြတ်ကို ပြည့်စုံစွာရရှိတော်မူသော (Tathagata, the fully enlightened) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက အကယ်၍သာ သတ္တဝါ ဝေနေယျတို့အား ဤသစ္စာလေးပါးတရားတော်ကို ဟောကြားပြသခြင်းမပြုခဲ့ပါလျှင် ရှုပ်ထွေးပူလောင် ဤလူ့ဘောင် လူ့လောကသည် အလွန့်အလွန် နစ်မွန်း ဆုံးရှုံးခြင်းဖြစ်ပါလိမ့်မည်။ ကြီးစွာသော ပျက်စီးမှုနှင့် တွေ့ကြုံရပါလိမ့်မည်" ဟူ၍ ဖြစ်သည်။

၁၀။ သဟမ္ပတိဗြဟ္မာကြီးသည် ၎င်း၏စိတ်တွင် စိုးရိမ်ပူပန်မှုအပြည့် ခံစားရသဖြင့် ဗြဟ္မာပြည်(the Brahma World)မှ ထွက်ခွာလာခဲ့ရာ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ရှေ့တော်မှောက်သို့ တစ်မုဟုတ်ချင်း ရောက်ရှိခဲ့လေသည်။ ထို့နောက် သူ၏အပေါ်ဝတ်ရုံကို ပုခုံးတစ်ဖက်တွင်တင်ပြီးလျှင် လက်နှစ်ဖက်

ပိုက်လျက် ကိုယ်ခန္ဓာညွတ်တွား၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား လျှောက်ထားသည်မှာ "အရှင်ဘုရားသည် သိဒ္ဓတ္ထဂေါတမ မဟုတ်တော့ပါပေ။ အရှင်ဘုရားသည် ဗုဒ္ဓစင်စစ်ဖြစ်တော်မူခဲ့ပြီဖြစ်ပါ၏။ အရှင်ဘုရားသည် သဗ္ဗညုတဉ္ဉာဏ်တော်အား အပြည့်အစုံရရှိခဲ့ပြီး သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပေးနိုင်သူဖြစ်ပါ၏။ အရှင်ဘုရားသည် တထာဂတ မြတ်ဗုဒ္ဓဖြစ်ပါ၏။ မည်သို့သောအကြောင်းကြောင့် ကမ္ဘာလောကကြီးကို ဉာဏ်ပညာအလင်းရောင် ထွန်းညှိခြင်းမပြုဘဲ နေပါအံ့နည်း?။

၁၁။ "စိတ်တွင် မကြည်လင်မသန့်ရှင်းသည့် ပူပန်သောကဗရပွနှင့် ဝေနေယျသတ္တဝါများစွာတို့သည် ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို မနာကြား မသိကြရဘဲ သေဆုံးကွယ်လွန်ခဲ့ကြရှာလေပြီ။"

၁၂။ သဟမ္ပတိဗြဟ္မာကြီးက ဆက်လက်ပြောကြားသည်မှာ "ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ၏ဉာဏ်တော်တွင် ထင်ဟပ်သိမြင်သည့်အတိုင်း ရှေးခေတ်အခါကာလ၌ မဟာဗြဟ္မဏလူမျိုးများအတွင်း များပြားလှစွာသော ရှုပ်ထွေးပြီးမမှန်ကန်သည့်အယူဝါဒများ ဖြစ်ပေါ် လွှမ်းမိုးလျက်ရှိပါ၏။"

၁၃။ "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓဘုရား၊ ထိုသို့မှားယွင်းစွာစွဲလမ်းနေသည့် ထာဝရတည်မြဲနေသည်ဟူသော ဤအယူဝါဒအတွက် မှန်ကန်သော အယူအဆ တံခါးပေါက် ဖွင့်လှစ်မပေးတော့ဘူးလား?"။

၁၄။ "ဉာဏ်ပညာအရာ မနှိုင်းယှဉ်သာအောင် အရာရာကို ထိုးထွင်းသိမြင်တော်မူသော အိုမြတ်စွာဘုရား၊ ကျောက်တောင်ကြီးအပေါ် ရပ်တည်နေသောသူတစ်ဦးဟာ သူ၏ဝန်းကျင်ပတ်လည်လူအားလုံးတို့ကို မြင်တွေ့နိုင်သကဲ့သို့ အရှင်မြတ်ဘုရားသည် ဝေနေယျသတ္တဝါအများ တွေ့ကြုံခံစားနေကြရသည့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟုဆိုအပ်သော ကြီးစွာသောဒုက္ခကို မြင်တွေ့နေပါ၏။ စုံးရိမ်ပူဆွေးငိုကြွေးဖွယ်ရာ စိတ်ဒုက္ခဝေဒနာအပေါင်းတို့မှ ကောင်းစွာလွတ်မြောက် သံသရာ၏တစ်ဖက်ကမ်းသို့ ကူးမြောက်တော်မူပြီးသော- အိုဗုဒ္ဓမြတ်စွာ ဘုရား၊ သံသရာရေလျှင်ကြောမျောပါနေရသူ သတ္တဝါဝေနေယျအား သနား ငဲ့ညှာသဖြင့် လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်ကို ဝိဇ္ဇာဉာဏ်အလင်းရောင်ထွန်းညှိ၍ လမ်းညွှန်ပြတော်မူပါဘုရား"။

mgyoe.com

၁၅။ "ကိလေသာရန်သူနှဲ့ တိုက်ပွဲဝင်အောင်မြင်တော်မူသော အို- ရဲစွမ်းသတ္တိအပြည့်အဝရှိသူ သူရဲကောင်းအာဇာနည်၊ အို- ဇာတိဒုက္ခဝန့်ကြွေးပေးဆပ်၍ သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်တော်မူထသော နိဗ္ဗန်သို့ဦးတည်ခုတ်မောင်းနေသည့် သင်္ဘောယာဥ်ကို ကောင်းစွာပဲ့ကိုင်မောင်းနှင်နိုင်သော ဦးစီးခေါင်းဆောင် အရှင်မြတ်ဘုရား! ထတော်မူပါလော့! ကမ္ဘာလောကအား ငဲ့သနားသဖြင့် ဝေနေယျတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးပေးတော်မူပါဘုရား"။

၁၆။ "ချစ်ခင်သနားကြင်နာပွားသဖြင့် ကရုဏာတရားထားရှိတော်မူပါ။ လူနတ်ပြဟ္မာသတ္တဝါဝေနေယျတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးပေးတော်မူပါဘုရား။"

၁၇။ "လူ့ဘုံဘဝ လူ့လောကတွင် ကြည်ညိုလေးစားဖွယ် ကိုယ်ကျင့်သိက္ခာအထူးကောင်းမွန်လှပါသော အို- ဗြဟ္မာ! အသင် လျှောက်ထားတောင်းဆိုသည့် အတိုင်း သစ္စာတရားတော်ကို အကယ်၍ငါဘုရားက သတ္တဝါဝေနေယျတို့အား ဟောကြားခြင်းမပြုခဲ့လျှင် အကြောင်းပြချက်ဟာ စိုးရိမ်သောကဗျာပါဒတရားကြောင့် ဖြစ်ပေလိမ့်မည်"ဟူ၍ ရှင်တော်ဂေါမမြတ်ဗုဒ္ဓက ဖြေကြားတော်မူလိုက်သည်။

(ဘာသာပြန်ဆိုသူ၏မှတ်ချက် - ဗြဟ္မာဆိုသောဝေါဟာရ၏ အဓိပ္ပါယ်ကို စာရှုသူများ အသေအချာအလေးအနက် စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်၏အယူအဆမှာ တင်ပြရလျှင် လူပြည် ၁ + နတ်ပြည် ၆ရပ် + ဗြဟ္မာ ၂၀ + အပါယ် ၄ဘုံ= ပေါင်း ၃၁ဘုံ ဟူ၍ သတ်မှတ်ယူဆလျက် သတ္တဝါများ ကျင်လည်ကျက်စား လည်ပတ်သွားနေကြရသည့် သံသရာခရီးကြမ်းခရီးရှည်ကြီးတွင် ဗြဟ္မာ ၂၀ အတွင်း အိန္ဒိယနိုင်ငံအတွင်းရှိ ဇာတ် ၄ မျိုး၌ အပါအဝင်ဖြစ်သော Brah min လူမျိုးအား ဗြဟ္မဏဟူ၍ ခေါ်ဆိုစမှတ်ပြုသည့် ဝေါဟာရဖြစ်မည်ဟု ယူဆပါ၏။)

၁၈။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ကမ္ဘာလောကသား ဝေနေယျသတ္တဝါအများတို့၏ ပူဆွေးသောကဗျာပါဒကြောင့် စိတ်ဆင်းရဲခြင်းကို သိနားလည်သောအခါ သူသည် ရဟန်းတော်တစ်ပါး(Asasanyasi)အဖြစ်နှင့် ဆက်လက်

နေထိုင်ပြီး ကိလေသာရှိသူများအား ဘာမျှမတုံ့ပြန်ဘဲ လက်ပိုက်ကြည့်နေမည်ဟူသော စဉ်းစားဆုံးဖြတ်ချက် မှားယွင်းကြောင်း သိနားလည်ခဲ့ပေ၏။

၁၉။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် asceticism ခေါ် မိမိကိုယ်ခန္ဓာအား ငြီးငွေ့ရွံ့မုန်းဖွယ်ရာဟူ၍ ရှုမြင်မှုသည် အသုံးမကျကြောင်း တွေ့မြင်သိရှိခဲ့သည်။ ဤသို့သောအယူအဆသည် သံသရာဝဋ်နှောင်မှ လွတ်အောင်ရုန်းထွက်ရေးတွင် ဘာမျှအသုံးမဝင်ဟူ၍ဖြစ်သည်။ မိမိ၏ အလျားတစ်လံ၊ အနံတစ်ထွာ ကိုယ်ခန္ဓာသည် အကောင်ပုပ်မျှသာဟူသော ငြီးငွေ့ရွံမုန်းဖွယ်ရာဟူ၍ ရှုမြင်ကျင့်ကြံသူ တစ်ဦးတစ်ယောက်မျှ လောကီကိုလွန်မြောက်၍ လောကုတ္တရာသို့ ဆိုက်ရောက်သူဟူ၍ မရှိခဲ့ပေ။ မည်သည့်အရာသည် လောကီချမ်းသာကို လွန်မြောက်၍ လောကုတ္တရာချမ်းသာသို့ ဆိုက်ရောက်ရန် လိုအပ်ချက်ဟူ၍ နားလည် သဘောပေါက်ခဲ့သည်။ လောကီလူ့ဘုံ ကျွန်မြေဝသုန်အား ပိုမို၍ ကောင်းမွန်သောအခြေအနေသို့ ပြောင်းလဲသွားရန် မည်သည့်အရာက လိုအပ်ချက်ဖြစ်ကြောင်း သိရှိတော်မူခဲ့သည်။

၂၀။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် အဘယ်ကြောင့် လောကီလူ့ဘောင်မှ ခွာရှောင်ခဲ့ရသနည်းဆိုလျှင် လူ့လောကတွင် ဝမ်းနည်းပူဆွေးငိုကြွေးစရာနှင့် စိတ်ပျက်ငြီးငွေ့ဖွယ်ရာ လူသားအချင်းချင်းဖြစ်ပွားသည့် ပဋိပက္ခ များပြားလွန်းပြီး ကုစားဖြေရှင်းရန် ဆေးကိုမတွေ့ရှိသောကြောင့်ဖြစ်သည်။ အကယ်၍သာ ဝမ်းနည်းပူဆွေး ငိုကြွေးဖွယ်ရာ စိတ်ဝေဒနာနှင့် စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကိလေသာကို သူ၏သစ္စာလေးပါးတရားတော်ကို သတ္တဝါဝေနေယျတို့အား ဟောပြော ပြသ ဆိုဆုံးမခြင်းဖြင့် ကမ္ဘာလောကသားတို့၏ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ခံစားနေရသည့် စိတ်ဒုက္ခဝေဒနာကိုကုစားပေးရန် လောကီဘုံသား လူအများတို့ထံ ပြန်လာရန် တာဝန်ကို သိရှိနားလည်စွာဖြင့် ဧကစာရီတောမှီရဟန်းဘဝတွင်မနေဘဲ သတ္တဝါဝေနေယျအား တရားပြသရန် သတိရလာခဲ့သည်။

၂၁။ ဤသို့သောအကြောင်းခြင်းရာကြောင့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သဟမ္ပတိဗြဟ္မာ၏ လျှောက်တင်တောင်းပန်မှုကို လက်ခံသဘောတူညီပြီး သစ္စာလေးတန်တရားမှန်ကို ဟောကြားရန် ဆုံးဖြတ်တော်မူခဲ့သည်။

mgyoe.com
## (၂) သဟမ္ပတိဗြဟ္မာကြီး၏ ကောင်းသတင်းကြွေးကြော်ချက်
## (2) Proclamation of Good News by Brahma Sahampati

၁။ ထို့နောက် သဟမ္ပတိဗြဟ္မာကြီးသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် "သတ္တဝါဝေနေယျတို့အား သစ္စာလေးပါးတရားတော်ကို ဟောကြား ပေးတော်မူရန် ကျွန်ုပ်၏တောင်းပန်လျှောက်ထားချက်အား ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓက လိုက်လျောခွင့်ပြုတော်မူလိုက်ပြီ"ဟူ၍ ရေရွတ်သလို သူ၏နှုတ်ဖြင့် အထပ်ထပ်ပြောဆိုခဲ့လေသည်။ သူသည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား လက်ယာရစ် လှည့်ပတ်ဖူးမြော်ပြီး ရှိခိုးဦးခိုက်လျက် ထွက်ခွာခဲ့လေတော့သည်။

၂။ "ကျွန်ုပ်တို့၏ ဦးထိပ်ပန်ဆင် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ကမ္ဘာ့ လူသားအားလုံး၏ ဆိုးဝါးယုတ်မာ စိုးရိမ်သောက ပူပန်မှုဖြစ်ရခြင်း၏ အရင်း အမြစ် အကြောင်းရင်းတရားကို တွေ့ရှိသိမြင်တော်မူခဲ့ပြီ။ ဤသတင်းစကား အား ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထပ်ဆင့်ပြောကြားကြကုန်လော့။"ဟူ၍ ကြွေးကြော်လျက် သဟမ္ပတိဗြဟ္မာကြီးသည် မိမိဌာနသို့ ပြန်ကြွသွားတော်မူ ခဲ့လေပြီ။

၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းများနှင့် ဆင်းရဲဒုက္ခ အဝဝကြောင့် မောဟိုက်နွမ်းလျ ပင်ပန်းနေကြရကုန်သော ဝေနေယျ သတ္တဝါတို့အား သက်သာပျော်ကင်းချမ်းသာခြင်းကို သယ်ဆောင်ခဲ့ပါလိမ့် မည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက စစ်ဘေးစစ်ဒဏ်ကြောင့် ကြီးမားလှစွာသော စိတ်ဆင်းရဲမှု ခံစားနေကြရသူများအား ငြိမ်းချမ်းမှုကိုပေးပါလိမ့်မည်။ အသည်း နှလုံး ကွဲကြေပြုန်းလောက်အောင် ယူကျုံးမရ ဆင်းရဲတွင်း ကျရောက်နေကြ သော ဝေနေယျများအား စိတ်ချမ်းသာရေး အားပေးစကား ပြောကြားပေးပါ လိမ့်မည်။ ရှင်တော်မြတ်ဗုဒ္ဓသည် ဝေနေယျသတ္တဝါအများ တွေ့ကြုံခံစား နေကြသော အတင်းအဓမ္မနည်းဖြင့် ဖိနှိပ်ခိုင်းစေမှုများနှင့် မလျော်ဩဇာသုံး၍ လွှမ်းမိုးအုပ်ချုပ်မှုကြောင့် လွတ်လပ်မှုဆုံးရှုံးနေရသူများအား မျှော်လင့်ချက်နှင့် မိမိကိုယ်မိမိ ယုံကြည်ချက်ထားရှိနိုင်မည့် အသိဉာဏ်ပညာနှင့် စိတ်ဓာတ် ခွန်အားကို ပေးပါလိမ့်မည်။

၄။ "အသင်တွေ့ကြုံနေရသော ဘဝပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်

အတွက်သော်လည်းကောင်း၊ အသင်ကြီးကြီးပမ်းပမ်း ရုန်းကန်လှုပ်ရှား ကြိုးစားအားထုတ်နေရသော ဘဝပြဿနာအတွက်သော်လည်းကောင်း၊ အသင် ခက်ခဲပင်ပန်းစွာ ရှာကြံနေသော တရားမျှတမှုအတွက်သော်လည်းကောင်း ဝမ်းသာစရာနည်းလမ်းကောင်းကို တွေ့ရှိထားပြီဖြစ်ကြောင်း သတင်းကောင်းဖြစ်ပါ၏"။

၅။ "ဒဏ်ရာအနာတရဖြစ်နေသောအသင်တို့အား အနာ သက်သာပျောက်ကင်းစေပါလိမ့်မည်။ ဆာလောင်မွတ်သိပ်နေသူ အသင်တို့အား စိတ်ဓာတ်အာဟာရများ တိုက်ကျွေးပါလိမ့်မည်။ ပင်ပန်းနွမ်းနယ် သောကပင်လယ်မှ ထုတ်ယူကယ်တင်ပြီး ရေငတ်နေသူအသင်တို့အား ရေငတ်ပြေစေပါလိမ့်မည်။ မသိမှု အဝိဇ္ဇာမှောင်တိုက်အတွင်း သက်ဆင်းကျရောက်နေသူအသင်တို့အား ပညာအလင်းရောင်ထွန်းညှိပေးပါလိမ့်မည်။ ကြည့်ရှု စောင့်ရှောက်သူ ကင်းမဲ့၍ စိတ်ပျက်ဝမ်းနည်းကြေကွဲဖွယ်ရာ အခြေအနေမှ အသင်တို့အား ဝမ်းသာပျော်ရွှင်ဖွယ်ရာ အခြေအနေသို့ ပို့ဆောင်ပေးပါလိမ့်မည်"။

၆။ "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒသာသနာတော်တွင် ဖြူစင်သန့်ရှင်းသော ချစ်ခြင်းမေတ္တာကိုဖော်ညွှန်းလျက် ယင်းကဲ့သို့ ချစ်ခြင်းမေတ္တာ မခံစား၊ မရရှိကြသူများအား ရရှိခံစားနိုင်ကြစေရန်အတွက် လည်းကောင်း၊ လူမှုအသိုင်းအဝန်းမှ ဘေးသို့ဖယ်ရှား နိမ့်ကျသောလူတန်းစားဟူ၍ ခွဲခြားဆက်ဆံ ခံနေကြရရှာသော ဝေနေယျများအား အမြင့်ဆုံးသော လူ့ဂုဏ်သိက္ခာ မြှင့်တင်ပေးရန်အတွက်လည်းကောင်း လူမှုရေးနယ်ပယ်မှ ဆိုးဝါးအကျည်းတန်စွာ စွန့်ပစ်ဖယ်ရှားခံနေကြရသူများအား ညီတူညီမျှဖြစ်စေသော လူ့အခွင့်အရေး ပေး၍ ၎င်းတို့၏ဘဝတိုးတက်မှု ရှေးရှုရေးကို လမ်းဖွင့်ပေးရန် ပါရှိသည်။

၇။ "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်သည် ကိုယ်ကျင့်တရား ဖြောင့်မတ်မှန်ကန်ရေးသို့ ဦးတည်ချက်ဖြင့် ကမ္ဘာပေါ်တွင် ကိုယ်ကျင့်သိက္ခာမြင့်မားသည့်နိုင်ငံတော် ထူထောင်ရေးဖြစ်သည်။"

၈။ "သုံးလောကထွတ်တင် သဗ္ဗညုတဉာဏ်တော်ရှင် ရှင်တော် ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်သည် သစ္စာသာသနာဖြစ်သည့်ပြင်

လုံးဝဥဿုံ အပြည့်အစုံမှန်ကန်သည့် သစ္စာသာသနာတော်ကြီးဖြစ်သည်။"

၉။ "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာသည် အယူသီးထန် ဥပါဒါန်ကြောင့် အစွဲအလမ်းကြီးမား အယူမှားကို ဖယ်ရှားသုတ်သင် လူမှုရေး နယ်ပယ်အတွင်း အခွင့်အရေးမညီမျှခြင်းမှ လွတ်ကင်းသည့်လမ်းစဉ် ဖြစ်ပါသည်။ ၃၈-ဖြာမင်္ဂလာနှင့် ဝေဝေဆာဆာပွင့်ထွန်းပေါ်ပေါက်တော် မူလာသည့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်သည် အသိပညာနှင့် အကျင့်သိက္ခာညီမျှစေရန် မလျှော့မတင်း စောင်းညှို့ညှင်းကဲ့သို့ ကျင့်သုံးရသော အလယ်အလတ်လမ်းစဉ်ဖြစ်ပါသည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာသည် ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှန်ကန်ရေး လမ်းစဉ် ဖြစ်ပါသည်။ ၃၁-ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါများ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာအမှန်မြတ်နိဗ္ဗာန်သည် ငြိမ်းချမ်းရေး အစစ်အမှန် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် အဆုံးအမ သာသနာတော် ဖြစ်ပါသည်။ ဖြူစင်သန့်ရှင်း ချစ်ခြင်းမေတ္တာဖြင့် ယုံကြည်သူ နောက်ပါသာဝကတို့အား ဆင်းရဲဒုက္ခမှလွတ်မြောက်ရန် ဟောကြားတော်မူခြင်းမှာ ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ၏သာသနာဖြစ်ပါသည်။

## (၃) အယူဝါဒပြောင်းလဲခြင်းနှစ်မျိုး

## (3) Two Types of Conversion

၁။ သတ္တဝါဝေနေယျတို့အား အယူဝါဒပြောင်းလဲစေရေးရည်ရွယ်ချက်မှာ အဓိပ္ပါယ်နှစ်မျိုးပါဝင်ပါသည်။

၂။ သံဃာ(Sangh)ဟုခေါ်ဆိုသည့် ဘိက္ခုများ(Order of Bhikkus) အား အယူဝါဒပြောင်းစေခြင်း။

၃။ ဒုတိယအနေအားဖြင့် အိမ်ထောင်ဦးစီးများအား ဥပသကာ (upasaka) သို့မဟုတ် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့် တရားဓမ္မအား လိုက်နာကျင့်ကြံသူအဖြစ် ခံယူစေခြင်း။

၄။ ဘိက္ခုနှင့်ဥပသကာတို့အကြား အချက်လေးချက်မှတစ်ပါး (except four points) လူမျိုး ကျားမဟူ၍ မခွဲခြားဘဲ ဗုဒ္ဓသာသနာတော်၏ အဆုံးအမ

အောက်တွင် ရုပ်နာမ်ဓမ္မ သင်္ခါရ၏ မမြဲဆင်းရဲမှုဖြင့် အသက်ရှင်ရပ်တည်နေကြပါသည်။

၅။ ဥပသကာတစ်ဦးသည် ဃာရာဝါသ သမ္ဘာရဟု ကိစ္စများမြောင် လူတို့ဘောင်၌ အိမ်ထောင်သက်မွေး သားမယားကိုရှာဖွေလုပ်ကျွေးရ၏။ ဘိက္ခုဖြစ်သူတစ်ဦးမှာမူ အိမ်ယာမထူထောင် လူတို့ဘောင်မှ ခွာရှောင်ထွက်ခွာတောနေရဟန်းဘဝဖြင့်သာ မွေ့လျော်ပေ၏။

၆။ ဥပသကာများနှင့် ဘိက္ခုတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ပညတ်ထားတော်မူသည့် ဝိနည်းသိက္ခာ ငါးဖြာသီလ စင်ကြယ်စွာ ကျင့်သုံး လိုက်နာကြရပါသည်။

၇။ ထို့ပြင်တဝ ဘိက္ခုများသည် ဗုဒ္ဓ၏ပညတ်ချက် ဝိနည်းသိက္ခာပုဒ်များအတိုင်း ကျင့်သုံးလိုက်နာရမည်ဖြစ်၍ ချိုးဖောက်ကျူးလွန်မိပါက ဘိက္ခုအဖြစ်ရပ်စဲရသည့်ပြစ်ဒဏ်ခံရသည်။ ဥပသကာများအတွက်မှာမူကား ငါးပါး သီလလုံခြုံအောင်စောင့်ထိန်းရန် တာဝန်သာ ရှိပါသည်။ ဥပသကာများသည် မိမိတို့၏ စောင့်ထိန်းသည့်ငါးပါးသီလကို အတတ်နိုင်ဆုံး လုံခြုံစွာထိန်းသိမ်းရပါသည်။

၈။ ဥပသကာတစ်ယောက်သည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိသည်။ သို့သော်ဘိက္ခုတစ်ဦးတွင်မူ ပိုင်ဆိုင်ခွင့်မရှိပါ။

၉။ ဥပသကာတစ်ဦးဖြစ်လာရေးအတွက် မည်သည့်အခမ်းအနားမှမပြုလုပ်ပါ။

၁၀။ သို့ရာတွင် ဘိက္ခုတစ်ပါး ဖြစ်လာရေးအတွက်ကိုမူ ဥပသမ္ပဒါ (Upasampada) ခေါ် အခမ်းအနားတစ်ရပ် ကျင်းပပြီးမှ ဖြစ်မြောက်လာပါသည်။

၁၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ကာယကံရှင်တို့၏ ဆန္ဒအရသာလျှင်ဘိက္ခု သို့မဟုတ် ဥပသကာအဖြစ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်စေပါသည်။

၁၂။ ဥပသကာတစ်ဦးသည် မည်သည့်အချိန်တွင်ဖြစ်စေ ၎င်းကိုယ်တိုင်လိုလားဆန္ဒပြုပါက ဘိက္ခုတစ်ပါးအဖြစ်သို့ ဝင်ရောက်နိုင်သည်။

mgyoe.com

၁၃။ ထို့ပြင် ဘိက္ခုတစ်ပါးသည် အဓိကသိက္ခာပုဒ်များ( Major Vows)ကို ကျူးလွန်ချိုးဖောက်ခဲ့လျှင်၊ သို့မဟုတ် ၎င်းကိုယ်တိုင်ကဖြစ်စေ ဘိက္ခုတစ်ပါး အဖြစ်မှ ရပ်ဆိုင်း(လူထွက်)ပြီး ဘိက္ခုဘဝကို စွန့်လွှတ်လိုပါက စွန့်လွှတ်နိုင် ပါသည်။

၁၄။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သိနားလည်ထားရမည့်အချက်မှာ သူသည် အောက်တွင်ဖော်ပြပါ အကြောင်းတရားများနှင့် တိုက်ဆိုင်မှုရှိမှသာ လျှင် အယူဝါဒကူးပြောင်းလိုသူများအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းခွင့်ပြုပါ သည်။

၁၅။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် လူပုဂ္ဂိုလ်များအား သူ၏သံဃ အဖွဲ့ အစည်း(Shangh)သို့ ဝင်ရောက်ခွင့်ပြုရာတွင်လည်းကောင်း၊ တရားဓမ္မ၏ အဆုံးအမကို ခံယူကျင့်သုံးရာတွင်သော်လည်းကောင်း ဟိန္ဒူဘာသာတွင် ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားခွဲခြားဆက်ဆံသည့်စနစ်နှင့် ကျားမဟူ၍ လိင်ခွဲခြားဆက်ဆံသည့်စနစ်ကို ပစ်ပယ်တော်မူပြီးလျှင် လူပုဂ္ဂိုလ်တို့၏ တွေ့ကြုံ နေရသော လူမှုရေးအခြေအနေကိုသာ စဉ်းစားဝေဖန်လျက် သူ၏ သာသနာ အတွင်း သွတ်သွင်းပေးပါသည်။

■

mgyoe.com

mgyoe.com

အပိုင်း(၂)

# ပရိဗိုဇ်ရဟန်းများ၏ အယူဝါဒပြောင်းလဲခြင်း

# PART II

## The Conversion of the Parivrajakas

| | | |
|---|---|---|
| ၁။ | Arrival at sarnath. | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ မိဂဒါဝုန်သို့ ရောက်ရှိခြင်း |
| ၂။ | The Buddha's First Sermon. | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးတရားဒေသနာ |
| ၃။ | The Buddha's First Sermon_(contd.) | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောတော်မူသော တရားဒေသနာ (အဆက်)၊ |
| | The Path of Purity | ကိုယ်ကျင့်တရားဖြူစင်သောလမ်းစဉ် |
| ၄။ | The Buddha's First Sermon_(contd.) | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောတော်မူသော တရားဒေသနာ (အဆက်)၊ |
| | Astanga Marga or the Path of Righteousness | ကိုယ်ကျင့်တရား စင်ကြယ်မြင့်မြတ်သောလမ်းစဉ် |
| ၅။ | The Buddha's First Sermon_(contd.) | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောတော်မူသော တရားဒေသနာ (အဆက်)၊ |

mgyoe.com

| | | |
|---|---|---|
| | The Path to Virtue | ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သီလ ကျင့်စဉ် |
| ၆။ | The Buddha's First Sermon_(contd.) | ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံး ဟောတော်မူသော တရားဒေသနာ (အဆက်) |
| ၇။ | The Response of the Parivrajakas. | ပရိဗိုဇ်ရဟန်းတော်များ၏ တုံ့ပြန် လျှောက်ထားချက် |

## (၁) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ မိဂဒါဝုန်သို့ရောက်ရှိခြင်း
## (2) Arrival at Sarnath.

၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သစ္စာတရားတော်ကို ဝေနေယျသတ္တဝါများအား ဟောကြားရန်ဆုံးဖြတ်ခဲ့ပြီးနောက် "သစ္စာတရားကို မည်သူအား ပထမဆုံးဟောကြားရမည်နည်း"ဟူ၍ မိမိကိုယ်ကို မေးခွန်းထုတ်လိုက်သည်။ ဗုဒ္ဓကိုယ်တော်တိုင်က ပညာရှိသည်ဟူ၍လည်းကောင်း၊ ဉာဏ်ပညာအရာ၌ အတော်ဆုံးဖြစ်သည်ဟူ၍လည်းကောင်း၊ ထူးချွန်ထက်မြက်၍ ကိုယ်ကျင့် သီလနှင့် ပြည့်စုံသူဟူ၍ကြည်ညိုလေးစားအပ်သော "အာဠာရကာလမ ရသေ့ကြီး (Alara Kalam)အား သတိရပြီးလျှင် ၎င်းအား သစ္စာလေးပါး တရားတော်ကို ဟောကြားရအံ့လော" ဟူ၍ စုံစမ်းကြည့်လိုက်၏။ သို့ရာတွင် ရသေ့ကြီး အာလာရကာလမသည် သေဆုံးသွားခဲ့ပြီးဖြစ်ကြောင်း အဖြေကို ကြားသိရလေ သည်။

၂။ ထို့နောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက သစ္စာတရားတော်ကို ဥဒကရာမပုတ္တ(Uddaka Ramaputta)အား ဟောကြားရန် စုံစမ်းကြည့်ပြန်၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးမှာလည်း သေဆုံးခဲ့ပြီဖြစ်ကြောင်းသိရပြန်သည်။

၃။ ထို့နောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် မိမိအား နေရဉ္ဇရာ တောတွင်း (at Niranjana)၌ အလွန်ခြိုးခြံသည့်အကျင့်(austerities)ကို ကျင့်ကြံအားထုတ်နေစဉ် လုပ်ကျွေးပြုစုခဲ့ကြသော်လည်း အလွန်ခြိုးခြံသည့်အကျင့် စွန့်လွှတ်လိုက်သောအချိန် မိမိအားစိတ်ဆိုး၍ မိမိထံမှ စွန့်ခွာသွားခဲ့ကြသော အပေါင်းအသင်း မိတ်ဆွေဟောင်းကြီး ငါးဦးတို့ကို သစ္စာတရားဟောကြားရန်

စဉ်းစားမိလေသည်။

၄။ "သူတို့ဟာ ငါ့ဘုရားကို များစွာလုပ်ကျွေးခဲ့ကြသည်၊ ငါဘုရားအား ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြပေသည်။ ၎င်းတို့အား သစ္စာတရားကို ပထမဦးစွာ ဟောကြားရလျှင် မည်သို့ရှိအံ့နည်း"ဟူ၍ မိမိကိုယ်ကိုမိမိ မေးခွန်းထုတ်လိုက်သည်။

၅။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် အဆိုပါ ပုဂ္ဂိုလ်ငါးယောက် မည်သည့်အရပ်သို့ ရောက်ရှိနေကြသည်ကို စုံစမ်းကြည့်လေ၏။ ၎င်းတို့မှာ ယခုအခါ ဗာရာဏသီပြည်၊ ဣသိပတနမြို့အနီး သားသမင်တို့အားဘေးမဲ့ပေးရာ မိဂဒါဝုန် တောဒေသ(Sarnath in the deer park of Isipatana)တွင် ရောက်ရှိ နေထိုင်လျက်ရှိကြောင်းသိရပြီးနောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဂယာ အရပ်ဒေသမှ ထွက်ခွာတော်မူခဲ့သည်။

၆။ ထိုပုဂ္ဂိုလ်ငါးဦးတို့က ဗုဒ္ဓမြတ်စွာကြွရောက်လာသည်ကိုအဝေးမှ လှမ်းမြင် တွေ့ကြပြီးလျှင် ၎င်းတို့အချင်းချင်း ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ခရီးဦးကြိုမှု မပြုလုပ်ကြရန် တိုင်ပင်ညှိနှိုင်းထားကြသည်။ ၎င်းတို့အနက် တစ်ယောက်သော ပုဂ္ဂိုလ်က "မိတ်ဆွေကြီးများ၊ ဟိုမှာကြည့်ကြပါ၊ ဒုက္ကရစရိယ အကျင့် (ascetic) ကို ကျင့်ခဲ့သည့် ရဟန်းဂေါတမ(Gautama)ဟာ ကျွန်ုပ်တို့ဆီ ဦးတည်လာနေပြီ၊ သူဟာ အလွန်ခြိုးခြံစွာ ကျင့်သုံးဆောက်တည်သည့် အကျင့်မှ စွန့်ခွာပြီး လောကီအာရုံ ကာမဂုဏ်အတွင်းသို့ ပြန်လှည့်ဝင်ရောက်လာသူဖြစ်တယ်။ သူဟာ မကောင်းမှုအပြစ် ကျူးလွန်သူဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်တို့ ဂေါတမ ကို နှုတ်မဆက်ဘဲနေကြစို့။ ကျွန်ုပ်တို့ ထိုင်နေရာကထပြီး အရိုအသေလည်း မပြုကြစို့နဲ့။ သူထိုင်လိုရင် ထိုင်နိုင်အောင် သူ့အတွက် နေရာတစ်နေရာ စီစဉ်ထားမယ်၊ အကယ်၍ သူထိုင်လိုရင် ထိုင်ချလိမ့်မယ်။"ဟူ၍ ပြောဆိုလေ၏။ ယင်းအဆိုပြုချက်ကို ထိုပုဂ္ဂိုလ်များအားလုံး သဘောတူလိုက်ကြသည်။

၇။ သို့ရာတွင် ထိုပရိဗိုဇ်ရဟန်းငါးဖော်တို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ကြွရောက်လာသောအခါ၌မူ ၎င်းတို့၏သဘောတူဆုံးဖြတ်ချက်ကို မစောင့်ထိန်းနိုင်ကြတော့ဘဲ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဥပမိရုပ်ဆင်းအင်္ဂါသပ္ပါယ်

တော်မူသည့် ရူပကာယကို တွေ့မြင်သောအခါ ၎င်းတို့အားလုံးထိုင်နေရာမှ မတ်တတ်ရပ်ကြလေ၏။ ပရိဗိုဇ်တစ်ဦးက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓထံမှ သပိတ်ကို လှမ်းယူနေစဉ်မှာ တစ်ဦးသောသူက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ထိုင်တော်မူမည့်နေရာ ပြင်ပေးလေ၏။ နောက်ပရိဗိုဇ်ရဟန်းတစ်ပါးက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ခြေဆေးရန် ရေသယ်ယူပေးလေ၏။

၈။ ထိုအခြင်းအရာသည် ဖိတ်ကြားခြင်းမရှိဘဲ ကြွရောက်လာသော ဧည့်သည်ကြီး ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား လေးနက်ကြီးကျယ်သော ကြိုဆိုမှုဖြစ်တော့၏။

၉။ ဤသို့အားဖြင့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား အထင်အမြင်သေးပြီး သရော် ပြောင်လှောင်ရန် ကြံရွယ်ခဲ့ကြသော ပရိဗိုဇ်ရဟန်းတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ဝတ်ပြုပူဇော်မှုကို ဆက်လက်ပြုလုပ်ခဲ့ကြ၏။

### (၂) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးတရားဒေသနာ

## (2) The Buddha's First Sermon.

၁။ ပရိဗိုဇ်ရဟန်းငါးဦးတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓနှင့် အပြန်အလှန် နှုတ်ဆက်ပြောဆိုကြပြီးနောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား မိမိကိုယ်ခန္ဓာရှိ စိတ်အညစ်အကြေးများ ဖယ်ရှားသုတ်သင်ရန်အလို့ငှာ ရေငုပ်မီးလှုံ၊ တုံးခုံ၊ ဇယ်ခတ်ခြင်းဖြင့် မိမိကိုယ်မိမိ မညှာမတာ ခိုင်းစေသည့် အကျင့် (asceticsm) ယုံကြည်ဆဲဖြစ်ပါသလားဟူ၍ မေးမြန်းကြရာ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓက မကျင့်တော့ကြောင်း ဖြေကြားတော်မူ၏။

၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက အစွန်းတရားနှစ်ပါးရှိကြောင်းပြောပြ၏။ အစွန်းတရားနှစ်ပါးမှာ ဘဝကို ပျော်ရွှင်မှုခံစား၍ အချိန်ကုန်လွန်စေခြင်း(ကာမသုခလ္လိကာနုယောဂ)နှင့် ဘဝကို ဆင်းရဲပင်ပန်းအောင် ကျင့်ကြံနေထိုင်ခြင်းဖြင့် အချိန်ကုန်လွန်စေခြင်း(အတ္တကိလမထာနုယောဂ)ဟူ၍ဖြစ်သည်။

၃။ ပရိဗိုဇ်တစ်ဦးက ပြောဆိုသည်မှာ ကျွန်ုပ်တို့သည် နက်ဖြန်နံနက်မိုးသောက်သည့်အခါ သေမည်မသေမည်ကို မသိနိုင်သဖြင့် ယခုအခါ ကျွန်ုပ်တို့ စားကြသောက်ကြပါစို့ဟူ၍ ဖြစ်သည်။ အခြားပရိဗိုဇ်တစ်ဦးက ဘဝတစ်ဖန်

ပြန်လည်မဖြစ်စေရန် အလိုဆန္ဒအားလုံး(Vasanas)ကို သတ်ရမည်ဟူ၍ ပြောဆိုလိုက်၏။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက လူ့ဘ၀တစ်ဖန် ပြန်ဖြစ်သည် ဆိုခြင်းနှင့် လူ့ဘ၀တစ်ဖန်ပြန်မဖြစ်ဟူသော အယူဝါဒနှစ်မျိုးလုံးကို ငြင်းပယ်တော် မူလိုက်သည်။

၄။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဘ၀ကို ကာမစည်းစိမ်ခံစားလျက် ပျော်ရွှင်ချမ်းမြေ့မှုဖြင့် အချိန်ကုန်စေခြင်း(ကာမသုခလ္လိကနုယောဂ)နှင့် မိမိကိုယ်ကို အလွန်ဆင်းရဲပင်ပမ်းမှုဖြစ်စေရန် မိမိကိုယ်မိမိ ငြင်းဆဲသည့် နည်းလမ်း (အတ္တကိလမထာနုယောဂအကျင့်)ဟူသော အစွန်းရောက်သော လမ်းနှစ်သွယ်တို့ကို ရှောင်ရှားလျက် မဇ္ဈိမပဋိပဒါ(Madhyama Marga) or (Majjhima Patipada) လမ်းစဉ်ကို ယုံကြည်လက်ခံသူဖြစ်သည်။

၅။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ်ရဟန်းများအား "ငါဘုရားအား ဤအချက်ကိုဖြေကြည့်လော့"ဟူ၍ မိန့်ကြားတော်မူ၏။ "အသင်တို့၏ ကိုယ်ခန္ဓာမှ ရာဂတဏှာကိလေသာကို ဖယ်ခွာပစ်ရေးအတွက် လောကစမ့်နှင့် ပျော်ရွှင်ခံစားမှုမှန်သမျှကို နှင်ထုတ်ပစ်ရေး ဦးစားပေးလျက် မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် အားထုတ်နေခြင်းမှာ ညည်းပန်းနှိပ်စက်ခြင်းဖြစ်၍ အချိုးနှီး မဖြစ်ပေဘူးလား"။ ပရိဗိုဇ်ရဟန်းများက "အရှင်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဖြစ်ပါ၏"ဟူ၍ ဖြေကြားလေ၏။

၆။ "အကယ်၍သာ အသင်တို့ဟာ ကိုယ်ခန္ဓာမှာစွဲကပ်နေတဲ့ ရာဂတဏှာကိလေသာကို ရေမှာငြိမ်းသတ်နိုင်မည်ဆိုလျှင် အဘယ်ကဲ့သို့ မိမိကိုယ်မိမိ ပျော်ရွှင်ကြည်နူးဖွယ်ရာ အေးငြိမ်းမှုသို့ဦးတည်ရှေးရှု မျက်မှောက်ပြုနိုင်ပါမည်နည်း"။ ထိုအခါ ပရိဗိုဇ်ရဟန်းတို့က "အရှင်ဘုရားမိန့်ကြားတော်မူတဲ့အတိုင်း ပါပဲဘုရား"ဟူ၍ ပြန်ဖြေဆိုကြလေ၏။

၇။ "အသင်တို့၏ခန္ဓာကိုယ်တွင် ပြင်းထန်စွာစွဲလန်းနေသည့် ရာဂတဏှာကိလေသာကို အသိဉာဏ်အကျင့်မှန်ဖြင့် တွန်းလှန်ဖယ်ရှားအောင်မြင်ခြင်းသာလျှင် ကိုယ်ခန္ဓာအတွက် လောက၏သဘာဝနိယာမသဘောကို လိုအပ်သလို ဖြည့်ဆည့်ခြင်းမှာ ကာမစ္ဆန္ဒနိဝရဏတဏှာမဟုတ်ပါဘူး။ အသင်တို့ဟာ ကိုယ်ခန္ဓာ၏လိုအပ်ချက်အရသာလျှင် နေထိုင်စားသောက်ကြပါလော့။"

m g y o e . c o m

၈။ "တံခါးခြောက်ပေါက်မှဝင်ရောက်လာသော အာရုံခြောက်ပါး၌ တွယ်တာ တပ်မက်စွဲလမ်းချက်သည် စိတ်ဓာတ်ခွန်အားကို ယုတ်လျော့စေပေ၏။ ကာမဂုဏ် အာရုံအရပ်ရပ်ကို တွယ်တာတပ်မက်သူသည် ကာမတဏှာ ကိလေသာ၏ ကျေးကျွန်ဖြစ်၏။ ငါးဖြာအာရုံဂ ကာမဂုဏ်ကို ခုံမင်နှစ်သက် ရှာဖွေလျက်ရှိသူ တစ်ဦးဟာ အဆင့်အတန်းနိမ့်ကျပြီး ဘာမျှတန်ဖိုးမရှိသဖြင့် အချိုးနှိုးဖြင့်သာ အချိန်ကုန်လွန်သူဖြစ်၏။ သို့ရာတွင် အသင်တို့အား ငါဘုရား ပြောကြားလို သည်မှာ လောကသဘာဝ ကိုယ်ကာယအတွက် ဘဝ၏လိုအပ်ချက်ကို ရှာဖွေ ဖြည့်ခြင်းမှာ အပြစ်တစ်စုံတစ်ရာမရှိပါပေ။"

၉။ "အို ပရိဗိုဇ်ရဟန်းတို့၊ အသင်တို့သိရှိနားလည်စေရန် ငါဘုရား ဟော ကြားပေအံ့။ အသင်တို့ အစွန်းတရားကိုသိကြပါရဲ့လား။ လောကတွင် အစွန်း တရား နှစ်ပါးရှိနေ၏။ လူတို့သည် ယင်းအစွန်းတရားနှစ်ပါးကို မလိုက်ပါ ကြမူ၍ အသိဉာဏ်ဖြင့် ရှောင်ရှားသင့်ပေ၏။ ယင်းအစွန်းတရားနှစ်ပါးမှာ အဘယ်တို့နည်းဟူမူကား- ကာမသုခလ္လိကနုယောဂ ဟုခေါ်သော ကာမဂုဏ် အာရုံ၏ ဆွဲဆောင်မှုကို လိုက်ပါပျော်ရွှင် ခုံမင်နှစ်သက်လေ့ရှိခြင်း၊ အထူးအား ဖြင့် ရာဂတဏှာ အတွေ့အပေါ်တွင် စွဲလမ်းနှစ်သက်မှု၊ စိတ်အာရုံ ခံစားမှုအား ပြည့်ဝကျေနပ်စွာ ခံစားမှုသည် အဆင့်အတန်းနိမ့်ပြီး ရိုင်းပျသော အပြုအမူ ဖြစ်ခြင်း၊ ဘာမျှ အနှစ်သာရမရှိ အကျိုးမဲ့စေသော အလေ့အကျင့်မျှသာ ဖြစ် သော အစွန်းရောက်စေသည့် တရားနှင့် အခြားတစ်ဖက်တွင်လည်း အစွန်း ရောက်တရားတစ်ခုမှာမူ ကာမတဏှာကိလေသာသည် မိမိကိုယ်တွင် မကပ်ငြိ စေရန်အလို့ငှာ အလွန်အကျွံခြိုးခြံ အကျင့်သန်စွာဖြင့် မိမိကိုယ်ကို နာကျင် ခံခက် ညှဉ်းပန်းနှိပ်စက်သော နည်းလမ်း အတ္တကိလမထာ နုယောဂအကျင့် သည်လည်း အဖိုးမတန်၊ အမှန်မဟုတ် အကျိုးယုတ်စေသည့် အလေ့အကျင့် ဖြစ်သည်။"

၁၀။ "လောကတွင် အစွန်းတရားနှစ်ပါးမှလွတ်ကင်းသည့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းလည်းရှိပေ၏။ အသင်တို့အား ငါဘုရားဟောကြားမည့် တရားသည် ယင်းကဲ့သို့အလယ်အလတ်လမ်းဖြစ်ပါပေ၏။"

၁၁။ ပရိဗိုဇ်ရဟန်းငါးပါးတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ဟောကြား

m g y o e . c o m

သည့်တရားကို အာရုံစိုက်လျက် နားထောင်နေကြ၏။ ၎င်းတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အလယ်အလတ်လမ်းစဉ်တရားကို မည်သို့ ပြန်လည်မေးမြန်းရမည်ကို မသိကြဘဲ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ၎င်းတို့က ခွဲထွက်လာကြပြီးနောက် ဘာတွေဆက်လုပ်နေခဲ့ပါသလဲဟူ၍သာ မေးမြန်းခဲ့ကြသည်။ ထိုအခါ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ၎င်းတို့ထွက်ခွာသွားခဲ့ကြပြီးနောက် ဂယာသို့ သူ ထွက်ရောက်လာခဲ့ကြောင်းနှင့် ညောင်ပင်ကြီးတစ်ပင်အောက်တွင် ငြိမ်သက်စွာထိုင်လျက် လေးနက်စွာစဉ်းစားနေခဲ့ကြောင်းနှင့် ရက်သတ္တလေးပါတ်ကြာမျှ အပြန်ပြန်စဉ်းစားဆင်ခြင်မှုပြုလုပ်ခဲ့ရာ ထိုသို့ စဉ်းစားဆင်ခြင်မှု၏ ရလဒ်အဖြစ် ဉာဏ်အလင်းဓါတ်(enlightenment)ကို ရရှိပြီးလျှင် ဘဝအတွက် လမ်းစအသစ်ကို တွေ့ရှိဖော်ဆောင်ခဲ့ကြောင်း ၎င်းပရိဗိုဇ်ရဟန်းတို့အား ပြောပြတော်မူခဲ့၏။

၁၂။ ထိုသို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပြောကြားချက်ကို ပရိဗိုဇ်ရဟန်းတို့ ကြားသိပြီးနောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓတွေ့ခဲ့သော လမ်းစအသစ်ဆိုသည်ကို အလွန်စိတ်အားထက်သန် သိလိုကြပြီးလျှင် ၎င်းတို့အား လမ်းစအသစ်အကြောင်းကို အကျယ်ချဲ့၍ ဟောကြားပေးရန် တောင်းပန်ကြကုန်၏။

၁၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓကလည်း ပရိဗိုဇ်ရဟန်းတို့ တောင်းပန်ချက်အား သဘောတူလိုက်၏။

၁၄။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက သူ တွေ့ရှိသည့်လမ်းစအသစ်သည် သူ၏ဓမ္မ(His Dhamma) ဝါ- ဘာသာတရား (religion)ဖြစ်ပြီး ယင်းဓမ္မသည် မည်သည့်ထာဝရဘုရားသခင်(God)နှင့်သော်လည်းကောင်း၊ မည်သည့်နတ်ပြဟ္မာ(Soul)နှင့်သော်လည်းကောင်း ပတ်သက်ဆက်စပ်မှုမရှိကြောင်း ရှင်းပြဟောကြားတော်မူ၏။ ထို့ပြင် သူ၏တရားဓမ္မ( His Dhamma)အတွက် မည်သည့်ဝတ်ပြုဆုတောင်းမှုနှင့် ပူဇော်ပသမှု(ritual and ceremonies) ကိုမျှ ပြုလုပ်ရန်မလိုကြောင်း ပြောပြလိုက်၏။

၁၅။ သူ၏ဓမ္မ(His Dhamma)သည် လူပုဂ္ဂိုလ်ကိုဗဟိုပြုလျက် လူတစ်ဦးမှ တစ်ဦး ပေါင်းကူးဆက်သွယ်ပြီး ကမ္ဘာပေါ်၌ လူသားတို့၏ဘဝနှင့် သက်ဆိုင်ပေ၏။

mgyoe.com

၁၆။ ဤသည်မှာ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးသော အခြေခံသဘော(postulate) ဖြစ်သည်။

၁၇။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဒုတိယမြောက် အခြေခံသဘောတရားမှာ လူသတ္တဝါများသည် ဝမ်းနည်းပူဆွေးငိုကြွေးမှုနှင့် ရင်ဆိုင်ကြုံတွေ့ နေထိုင်ကြရသည်။ ဆင်းရဲမွဲတေမှုနှင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲမှု ခံစားနေကြရသည်။ ကမ္ဘာလောကသည် ဆင်းရဲဒုက္ခအပေါင်းနှင့်ပြည့်လျှံနေသည့် အားလျော်စွာ ယင်းလူသားတွေ ခံစားနေရသည့် ဆင်းရဲဒုက္ခအပေါင်းကို ကမ္ဘာလောကမှ မည်သို့ ရွှေ့ပြောင်းမောင်းထုတ်ပစ်ရန် နည်းလမ်းပြသပေးရန်မှာ ဓမ္မ၏ တစ်ခုတည်းသောရည်ရွယ်ချက် (the only purpose of Dhamma) ဖြစ်ပါသည်။ ဓမ္မတွင် အခြားရည်ရွယ်ချက် တစ်စုံတစ်ရာမရှိပါပေ။

၁၈။ ကမ္ဘာလောကတွင် ဆင်းရဲခြင်းအမှန်တရား ပါဝင်တည်ရှိနေသည် ဆိုခြင်းကို အသိအမှတ်ပြုရန်နှင့်ယင်းကဲ့သို့ ကမ္ဘာ့လူသားတိုင်း ခံစားနေကြသော ဒုက္ခဆင်းရဲခြင်းတရားကို ဖယ်ရှားပစ်ရေး နည်းလမ်းပေးရန် ဟူသော အချက်သည် ဗုဒ္ဓ၏ဓမ္မ ( His Dhamma)အတွက် အခြေခံအကျဆုံးနှင့် ခိုင်မာဆုံးသော အခြေခံအုတ်မြစ်ဖြစ်သည်။

၁၉။ ဤအချက်သည် ဓမ္မဟူသော ဝေါဟာရစကားလုံး၏ အခြေခံအုတ်မြစ်နှင့် သင့်လျော်မျှတမှုရှိသောအချက်ဖြစ်သည်။ ဤအချက်ကို အသိအမှတ်မပြုသည့် ယုံကြည်ကိုးကွယ်မှုသည် ဘာသာတရားဟူ၍ မဆိုနိုင်ပေ။

၂၀။ "လေးစားအပ်သော ပရိဗိုဇ်ရဟန်းတို့! အထက်တွင်ပြောပြခဲ့သော အချက်များသည် မည်သို့ပင် တစ်ဦးတည်းဖြင့် ဆိတ်ငြိမ်စွာနေထိုင်လျက် ရှိစေကာမူ၊ သို့မဟုတ် ဗြဟ္မာမျိုးနွယ်(Brahmins)ဟု ခေါ်ခံရသူ (ဆိုလိုသည်မှာ ဘာသာတရားဟောပြောသူ)ဖြစ်စေကာမူ အမှန်စင်စစ်အားဖြင့် ကမ္ဘာလောကတွင် ဆင်းရဲဒုက္ခတည်ရှိနေပြီး ယင်းဒုက္ခမှလွတ်မြောက်ရေးမှာ ဓမ္မ၏ အဓိကပြဿနာ(the problem of Dhamma)ဖြစ်၍ ငါဘုရား တွေ့မြင်နားလည်သည့်အချက်မှာ တစ်ဦးတည်း တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်သူများနှင့် ဗြဟ္မာမျိုးနွယ်များမှာ ငါဘုရားပြောခဲ့သည့် ဗြဟ္မာမျိုးနွယ်များနှင့် မသက်ဆိုင်ပေ။ ဓမ္မဟူသော အဓိပ္ပာယ်အစစ်အမှန် (the real meaning of

mgyoe.com

Dhamma)မှာ ယခုပစ္စုပ္ပန်ရရှိနေဆဲ လက်ရှိဘဝကို အပြည့်အဝ နားလည်သဘောပေါက်လျက် ကြည်ညိုလေးစားထိုက်သူကို ဆိုလိုသည်။

၂၁။ ထိုသို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓဟောကြားပြီးသောအခါ ပရိဗိုဇ် ရဟန်းတော်များက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား မေးမြန်းလျှောက်ထားကြသည်မှာ "အကယ်၍သာ အရှင်ဘုရား၏ဓမ္မအုတ်မြစ်(foundation of Dhamma)သည် လောက၌ ဆင်းရဲဒုက္ခအမှန်ရှိသည်ဟူ၍ အသိအမှတ်ပြုပြီး ထိုဆင်းရဲဒုက္ခကို ဖယ်ရှားပစ်နိုင်သည့်နည်းလမ်း ရှိသည်ဆိုလျှင် အရှင်ဘုရား၏တရားဓမ္မက မည်သို့မည်ပုံ ဆင်းရဲဒုက္ခအား ဖယ်ရှားနိုင်သည်ကို အကျွန်ုပ်တို့အား ဟောပြော ပြသပေးပါဘုရား"ဟူ၍ ဖြစ်သည်။

၂၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ်ရဟန်းအား သူ၏တရားဓမ္မ(His Dhamma)သဘောတရားမှာ အကယ်၍သာ လူတိုင်း လိုက်နာကျင့်သုံးကြမည်ဆိုလျှင်- (၁) ကိုယ်ကျင့်သီလဖြူစင်သောလမ်းစဉ် (the Path of Purity)၊ (၂) ကိုယ်ကျင့်သီလမှန်ကန်မြင့်မြတ်သောလမ်းစဉ်(the Path of Righteousness)နှင့် (၃) ပေးကမ်းလှူဒါန်းမှုဒါနလမ်းစဉ်(the Path of Virtue)ဟူ၍ဖြစ်ပြီး ထိုနည်းလမ်းသုံးသွယ်ဟာ ဒုက္ခဆင်းရဲအပေါင်းတို့ လွတ်မြောက်နိုင်သော လမ်းစဉ်ဖြစ်သည်။

၂၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက သူသည် အဆိုပါဓမ္မဟူသော လမ်းစအသစ်ကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း ထပ်လောင်း၍ မိန့်ကြားတော်မူလိုက်သည်။

### (၃) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောတော်မူသော တရားဒေသနာ(အဆက်)

### (3) The Buddha's First Sermon_(contd.)

#### ကိုယ်ကျင့်တရားဖြူစင်သောလမ်းစဉ် (The Path of Purity)

၁။ ပရိဗိုဇ်ရဟန်းတော်များက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သူ၏တရားဓမ္မ(His Dhamma)ကို ဟောပြပေးတော်မူရန် တောင်းပန် လျှောက်ထားကြလေ၏။

mgyoe.com

၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ပရိဗိုဇ်ရဟန်းတော်များ လျှောက်ထားတောင်းပန်ချက်အတိုင်း ဝမ်းမြောက်ဝမ်းသာ ဟောကြားရန် သဘောတူ၏။

၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပထမပိုင်းအနေဖြင့် ကိုယ်ကျင့်သီလဖြူစင်မှု (the Path of Purity)ကို ဟောကြားတော်မူခဲ့သည်။

၄။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက "ကိုယ်ကျင့်သီလဖြူစင်ခြင်းသည် လူကောင်း သူကောင်းတစ်ယောက် ဖြစ်လိုသူတစ်ဦးအတွက် စည်းမျဉ်းဥပဒေများသည် သူ့ဘဝတစ်သက်တာအတွက် သတ်မှတ်ထားရှိမည့် စည်းမျဉ်းစည်းကမ်းများ ဟူ၍ အသိအမှတ်ပြုရမည်။

၅။ "ငါဘုရား၏ ကိုယ်ကျင့်သီလဖြူစင်ရေးလမ်းစဉ်(the Path of Purity) ဆိုသည်မှာ- သူတစ်ပါး၏အသက်ကို မသတ်ဖြတ်ခြင်း(ဝါ) သူတစ်ပါးအား အနာတရ ဒဏ်ရာရအောင် သတ်ဖြတ်ညှင်းဆဲမှုမပြုခြင်း၊ သူတစ်ပါး မပေးကမ်းသော ပစ္စည်းဥစ္စာကို ခိုးယူမှုမပြုခြင်း(ဝါ) သူတစ်ပါးပိုင်ပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ အခြားသူ တစ်ဦးသို့ ပေးကမ်းမှုမပြုခြင်း၊ မဟုတ်မမှန် လိမ်ညာပြောဆိုမှု မပြုခြင်း၊ ကာမ ရာဂနှင့် စပ်လျဉ်း၍ မကောင်းမှုမပြုလုပ်ခြင်း၊ မူးယစ်စေတတ်သော သေရည် သေရက်၊ ဘိန်း၊ ဆေးဝါးစသည်တို့ကို မသုံးစွဲခြင်း စသည့်အချက် ၅ ချက်သည် လူ့ဘဝတစ်သက်တာလုံး ထိန်းသိမ်းရမည့် စည်းကမ်းဥပဒေသ ဖြစ်သည်။"

၆။ "အသင်ပရိဗိုဇ်ရဟန်းတို့- ဤစည်းမျဉ်းဥပဒေသကို အလေးအမှတ်ပြု လိုက်နာရန် လူတိုင်းအတွက် မဖြစ်မနေလိုက်နာရမည့် အရေးအကြီးဆုံးသော လမ်းစဉ်ဖြစ်သည်။ လူတိုင်းအတွက် မိမိပြုလုပ်ခဲ့သည့်အလုပ်ကို စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။ အဆိုပါစည်းမျဉ်းစည်းကမ်းများသည် ငါဘုရား၏ သာသနာတော်အတွက် အခြေခံဥပဒေသ၏ စံချိန်စံညွှန်းဖြစ်သည်။"

၇။ "လောကကြီးအတွင်း မည်သည့်နေရာ၌ဖြစ်စေ ပတစ်(Patit)ခေါ် အသိဉာဏ်အားဖြင့် နိမ့်ကျသော(Fallen)ပုဂ္ဂိုလ်များ ရှိကြပေ၏။ သို့ရာတွင် ယင်းသို့ အသိဉာဏ်နိမ့်ကျနေသူများ(Patit)တွင် အတန်းအစားနှစ်မျိုးရှိသည်။ ပတစ်(Patit)တစ်မျိုးမှာ အဆင့်အတန်းရှိ၍ နောက်ပတစ်(Patit)တစ်မျိုးမှာ အဆင့်အတန်းမရှိသူများ ဖြစ်သည်။"

mgyoe.com

၈။ "အဆင့်အတန်းမရှိသော ပတစ်(Patit)သည် ၎င်းအသိဉာဏ်နိမ့်ကျနေသည်ကို မသိရှာပေ။ အကြောင်းအကျိုးဆက်စပ်ပြီး သူဟာအစဉ်အမြဲ အသိဉာဏ်နိမ့်ကျလျက်ရှိသည်။ နောက်ပတစ်(Patit)တစ်မျိုးမှာ အဆင့်အတန်းရှိ၍ အသိဉာဏ်နိမ့်ကျနေရာမှ ထမြောက်မြင့်တက်နိုင်သောအခြေအနေရှိသည်။ အဘယ်ကြောင့်ပါနည်း? အဖြေကတော့ သူကိုယ်က အသိဉာဏ်ပညာ နိမ့်ကျနေသည်ကို နားလည်သောကြောင့်ဖြစ်သည်။"

၉။ "ဤအချက်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘ၀ တစ်သက်တာတွင် အဆင့်အတန်းရှိသောပုဂ္ဂိုလ်နှင့် အဆင့်အတန်းမရှိသော ပုဂ္ဂိုလ်ဟူ၍ ခွဲခြားနိုင်သောအချက်ဖြစ်ပြီး သူ့ဘ၀ကိုစိုးမိုးအုပ်ချုပ်မှုဖြစ်သည်။ မည်သို့ပင် အသိဉာဏ်ပညာ ဘယ်လောက်ပင် နိမ့်ကျနေသော်လည်း အဆင့်အတန်းမရှိခြင်းက အဓိကအချက်ဖြစ်သည်။"

၁၀။ "အို ပရိဗိုဇ်ရဟန်းတို့! အဘယ်အကြောင်းကြောင့် လူတစ်ယောက်၏ ဘ၀တွင် အဆိုပါစည်းမျဉ်းစည်းကမ်းဥပဒေသ အမြတ်တနိုးတန်ဖိုးထား လေးစားလိုက်နာသင့်ပါသလည်းဟူ၍ ငါဘုရားအား အသင်တို့ မေးမြန်းနိုင်ကြ၏။"

၁၁။ "ထိုမေးခွန်းရဲ့အဖြေကို သင်ကိုယ်တိုင်မေးပြီး သင်ကိုယ်တိုင် ဖြေကြည့်ပါ။ အဖြေတွေ့လာပါလိမ့်မယ်။" "အဆိုပါ စည်းမျဉ်းစည်းကမ်း ဥပဒေသများဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ကောင်းကျိုးဖြစ်စေတဲ့စည်းကမ်းချက်များ မဟုတ်ဘူးလား? ထို့အပြင် ၎င်းတို့က လူမှုအသိုင်းအဝန်းကို ကောင်းကျိုးဖြစ်စေပါမည်လား?"ဟူ၍ အသင်မေးနိုင်ပါသည်။

၁၂။ "ပရိဗိုဇ်ရဟန်းတို့! သင်တို့၏ဖြေကြားချက်များသည် အကယ်၍ ဟုတ်မှန်သဘောတူကြောင်း ဖြေဆိုမည်ဆိုလျှင် ငါဘုရား၏ကိုယ်ကျင့်သီလ ဖြူစင်သောလမ်းစဉ်(Path to Purity)ဟူသော စည်းမျဉ်းစည်းကမ်း ဥပဒေသ သည် စစ်မှန်သော လူဘ၀အလင်းတန်းကိုရောက်စေရန် ပြုပြင်ပြောင်းလဲစေ မည့် အမြတ်တနိုးအလေးထားသင့်သည် မဟုတ်ပါလား။"

mgyoe.com

mgyoe.com

## (၄) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဦးဆုံးဟောကြားတော်မူသော တရားဒေသနာ (အဆက်)

## (4) The Buddha's First Sermon_(contd.)

### ကိုယ်ကျင့်တရား စင်ကြယ်မြင့်မြတ်သောလမ်းစဉ်

### Ashtanga marga or the Path of Righteousness

၁။ ထို့နောက်တစ်ဆင့်တက်၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ် ရဟန်းတို့အား အက်ရှ်တန်မဂ္ဂ(Ashtangamarga) တရားဒေသနာကို ဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓက Ashtangamarga ၌ အခြေခံရှစ်ပါးရှိကြောင်း ပြောဆိုလိုက်၏။

၂။ ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓက သူ၏ဟောကြားချက်အား သမ္မာဒိဋ္ဌိ (Samma Ditti)(Right Views)မှအစပြု၍ သူ၏ ပြည့်စုံကြည်လင် ပြတ်သားသည့် သဘောတရားကိုAshtangamarga ၏ ပထမဦးဆုံးနှင့် အရေးအကြီးဆုံး အခြေခံမူလဓါတ်ကြီးတစ်ပါးအဖြစ် ဟောကြားတော်မူခဲ့သည်။

၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ်ရဟန်းတော်တို့အား "သမ္မာဒိဋ္ဌိ၏ အရေးကြီးပုံကို သိစေလို၍"ဟောကြားတော်မူခဲ့သည်။

၄။ "အို အသင်ပရိဗိုဇ်ရဟန်းတို့ လောကသည် မြေအောက် အကျဉ်းထောင်နှင့် တူတယ်၊ လူသားဟာ အဲဒီမြေအောက်အကျဉ်းထောင်ထဲက အကျဉ်းသားနဲ့ တူတယ်၊ အဲဒီလို သင်တို့မှတ်ထားကြပါ။"

၅။ "ဤမြေအောက်အကျဉ်းထောင်ဟာ လုံးဝမှောင်မိုက်နေတဲ့နေရာဖြစ်တယ်။ အဲဒီအကျဉ်းထောင်ထဲမှာ ထောင်ကျနေတဲ့အကျဉ်းသားဟာ ဘာတစ်ခုမျှ မမြင်မတွေ့ရ။ အမိုက်မှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ဘယ်ဟာကိုမှ မှန်ကန်အောင် မသိနိုင်ဘူး။ အဲဒီအကျဉ်းသားဟာ သူကိုယ်သူ ထောင်ကျနေသည်ကို သူ့ဟာသူတောင် မမြင်တွေ့နိုင်တော့ဘူး။"

၆။ "အမှန်တကယ်အားဖြင့် လူသားသည် အဝိဇ္ဇာတည်းဟူသော အမှောင်ထု ဖုံးအုပ်မှုအောက်တွင် ကြာရှည်စွာနေလာခဲ့ရခြင်းကြောင့် အမှန်အမှား မခွဲခြားနိုင်ဘဲ မျက်ကန်းဘဝဖြင့်သာ နေထိုင်လာခဲ့ကြပေ၏။ သို့ရာတွင် အကယ်တန္တု အလင်းရောင်သည် မည်သို့မည်ပုံ ထူးဆန်းသော အရာဖြစ်၍

အစဉ်အမြဲ ထွန်းလင်းနေမည်ဟူ၍ ပြောဆိုလာလျှင် သူ့အနေဖြင့် အလွန်အမင်း သံသယဖြစ်ပေလိမ့်မည်။”

၇။ စိတ်သည် လူသားအတွက် ဉာဏ်ပညာအလင်းရောင်ကို ရရှိစေမည့် တစ်ခုတည်းသော ကိရိယာတန်ဆာဖြစ်ပေ၏။

၈။ “သို့ရာတွင် မြေအောက်လှောင်ချိုင့်ထဲ၌ အမိုက်မှောင်အတွင်း နေထိုင်ရသူများအဖို့ရာတွင်မူ ဉာဏ်ရောင်ဝါရရှိရေးအတွက် စိတ်သည် တိကျစွာဖြင့် ညွှန်ပြနိုင်သော ကိရိယာတန်ဆာမဟုတ်ပါပေ။”

၉။ “ထိုအကြောင်းခြင်းရာမှာ အမှောင်ထုကဲ့သို့သော အရာဝတ္ထုပစ္စည်းတစ်ခုအား သူ၏မြင်ကွင်းနှင့်တကွ ပြသရုံမျှသော အနည်းငယ်မျှသော အလင်းရောင်မှ တစ်ဆင့် သိနားလည်စေခြင်းဖြစ်ပါသည်။”

၁၀။ “ဤသို့သောအားဖြင့် သဘာဝတရားအတွင်း၌ ဝိဇ္ဇာဉာဏ်ပညာတတ်သိနားလည်မှုဟူသော အရာအား စူးစမ်းတွေ့ရှိခဲ့သည်။”

၁၁။ “သို့ရာတွင် အသင်ပရိဗိုဇ်ရဟန်းတို့ သင်တို့သည် လူသတ္တဝါတို့အား ထိုဥပမာပြ မြေအောက်တိုက်ခန်းမှ အကျဉ်းသားကဲ့သို့ မျှော်လင့်ချက်မဲ့သည့်အခြေအနေဟူ၍ မမှတ်ယူသင့်ပါပေ။”

၁၂။ “အဘယ်ကြောင့်ဆိုသော် လူသတ္တဝါ၌ စိတ်ဓာတ်ဟူ၍ ခေါ်ဆိုအပ်သော အရာတစ်ခုရှိသောကြောင့်ဖြစ်သည်။ အခြေအနေအချိန်အခါနှင့် လိုက်လျောညီစွာ ဖြစ်ပေါ်လာသောအခါ စိတ်ဓာတ်ဆိုသောထိုအရာသည် နိုးကြားထကြွ ပေါ်ပေါက်လာပေ၏။”

၁၃။ “စိတ်၏လှုပ်ရှားမှုများအား မည်သည့်ဘက်သို့ ဦးတည်ရွေ့ရှားသွားသည်ကို စောင့်ကြည့်အကဲခတ်ရန် ပြည့်စုံလုံလောက်သော အသိဉာဏ်ရောင်ဝိဇ္ဇာတည်းဟူသောပညာ ရှေ့ဆောင်လျက် ဖြစ်ထွန်း ပေါ်ပေါက်လာခြင်းနှင့်အတူ လူသားသည် ၎င်း၏လွတ်မြောက်ရာသို့ ဦးတည်ပေလိမ့်မည်။”

၁၄။ “သံသရာဝဋ်နှောင်လောကလှေ့ဘောင်၏ တုပ်ချည်ထားခြင်းကို ခံရစေကာမူ လူသားသည် ဤနည်းဤပုံဖြင့် လောကီလှုံဘုံမှရုန်းထွက် နိုင်ပေါ်သည်။ မည်သည့်အချိန်ကာလ တစ်ခဏတွင်ဖြစ်စေ လူသားသည် ၎င်းအားအပြီး အပိုင် ဆုံးခန်းတိုင်လွတ်မြောက်ခြင်းသို့ သယ်ယူမည့် ပထမဆုံးခြေလှမ်း

များ စတင် လှမ်းပေလိမ့်မည်။"

၁၅။ "အဲဒါ ဘာ့ကြောင့်လည်းဆိုလျှင် လူပုဂ္ဂိုလ်တစ်ယောက်သည် မိမိ ရွေးချယ်လိုသည့်လမ်း၊ သို့မဟုတ် မိမိရည်မှန်းထားသည့် ရည်ရွယ်ချက်အတွက် မိမိ၏စိတ်ကို လေ့ကျင့်ပျိုးထောင်နိုင်သည့်အတွက် မဖြစ်နိုင်တာမရှိပါ။ စိတ်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအား အကျဉ်းထောင်ပိတ်လှောင်ထားနိုင်သလို ကျွန်ုပ်တို့ကို ထိုကိုယ်ခန္ဓာအတွင်းမှ ထွက်ခွာအောင်လည်း လုပ်နိုင်ပါ၏။"

၁၆။ "စိတ်ဟုဆိုသောအရာသည် ထိုကဲ့သို့ ခန္ဓာကိုယ်ကြီးကို ထိန်းချုပ်ထားနိုင်သလို ဖြေလျှော့မှုကို လုပ်ပေးနိုင်ပေ၏။ အကယ်၍သာ ထိုစိတ်ဆိုသော အရာသည် လူပုဂ္ဂိုလ်အား တည်ငြိမ်ခြင်းသို့ဆွဲဆောင်လာနိုင်လျှင် မှန်ကန်သော ဦးတည်ရာသို့ ခေါ်ယူလာပြီး သံသရာမှ လွတ်မြောက်စေနိုင်သည်။"

၁၇။ "ဒါဘာကြောင့်လဲဆိုလျှင် သမ္မာဒိဋ္ဌိက လုပ်ဆောင်ခြင်းဖြစ်၏။"

၁၈။ "သမ္မာဒိဋ္ဌိပြီးပြည့်စုံလျှင် ဘာဖြစ်ပါသနည်း"ဟူ၍ ပရိဗိုဇ်ရဟန်းတို့က မေးမြန်းကြ၏။ "သမ္မာဒိဋ္ဌိပြီးပြည့်စုံသောအခါ၌ အဝိဇ္ဇာဟုဆိုအပ်သော မသိမှုက ဖုံးအုပ်ကာကွယ်ထားသောအရာကို ဖယ်ရှားနိုင်တယ်။ သမ္မဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိနှင့် ဆန့်ကျင်ဘက်ဖြစ်တယ်"ဟူ၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ် ရဟန်းတို့အား ပြန်လည်ဖြေကြားလေ၏။

၁၉။ "အဝိဇ္ဇာဟူသောအဓိပ္ပါယ်သည် ဆင်းရဲခြင်းအမှန်ကို မသိနားမလည်ခြင်း၊ ဆင်းရဲခြင်းအမှန်ကို ဖယ်ရှားရမည်ဆိုသည်ကို သဘောမပေါက်ခြင်းဖြစ်သည်။"

၂၀။ "သမ္မာဒိဋ္ဌိဆိုသည်မှာ လွဲမှားစွာဖော်ပြနေသော သျှတ္တရကျမ်းများ (Shastras)ကဖွင့်ဆိုသည့် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ပွဲလမ်းသဘင် အခမ်းအနားကျင်းပခြင်းများအပေါ်တွင် ယုံကြည်မှုကိုစွန့်လွှတ်၍ အမှန်တရား သိနားလည်ခြင်းကို ဆိုလိုသည်။"

၂၁။ "သမ္မာဒိဋ္ဌိဟူသော သဘောတရားသည် သဘာဝတရားနှင့် ဆန့်ကျင်သည့် ယုံကြည်ကိုးကွယ်မှုအပေါ် အယူသန်စွဲလမ်းခြင်းအား ဖယ်ရှား၍ယင်း အယူဝါဒများအား စွန့်လွှတ်ခြင်းဖြစ်စေသည်။"

mgyoe.com

၂၂။ "သမ္မာဒိဋ္ဌိဟူသောသဘောသည် သျှတ္တရကျမ်းအစရှိသော အဖြစ်မှန် အခြေခံတရားမရှိဘဲ ဖြစ်နိုင်ဖွယ်ရာရှိသည်ဟူသော ရော်ရမ်းမှန်းဆချက်ဖြင့် ယုံကြည်ဆည်းကပ်ကိုးကွယ်မှုအားလုံးကို စွန့်လွှတ်ခြင်းအဓိပ္ပာယ်လည်းဖြစ်သည်။"

၂၃။ "သမ္မာဒိဋ္ဌိဟူသည်မှာ လွတ်လပ်စွာ တွေးခေါ်မြော်မြင်ခြင်းဖြစ်သည်။"

၂၄။ "လူတိုင်းလူတိုင်း၌ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် ကြိုးစားအားထုတ်လိုသောစိတ် ကိုယ်စီကိုယ်ငှရှိနေကြပေ၏။ သမ္မာသင်္ကပ္ပဆိုသည်မှာ ယင်းကဲ့သို့သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မလျော်ကန် မသင့်မြတ် ယုတ်ညံ့သောဆောင်ရွက်မှုကို ရှောင်ရှား၍ ကောင်းမြတ်မှန်ကန်သော ဆောင်ရွက်မှုကိုဆိုလိုသည်။"

၂၅။ "သမ္မာဝါစာ က- (၁) လူသားတစ်ယောက်(ဝါ) လူပုဂ္ဂိုလ်တစ်ဦးသည် မှန်ကန်သောစကားကိုသာ ပြောဆိုရန်၊ (၂) မဟုတ်မမှန်သောစကား(ဝါ) လိမ်ညာပြောဆိုခြင်းမပြုရန်၊ (၃) သူတစ်ပါး၏ အပြစ်အနာအဆာနှင့် ထိုပုဂ္ဂိုလ်၏ မကောင်းကြောင်း ကုန်းတိုက်စကားမပြောကြားရန်၊ (၄) လူတစ်ယောက်က သူတစ်ပါး အခြားလူတစ်ယောက်အား မမှန်ကန်သောစကား တိုက်ခိုက်ပြောဆိုခြင်းကို ရပ်ဆိုင်းပစ်ရန်၊ (၅) လူတစ်ယောက်သည် စိတ်ဆိုး မာန်ဆိုးဒေါသမျိုးဖြင့် ကြမ်းတမ်းယုတ်မာသောစကားကို မည်သူတစ်ဦး တစ်ယောက်မျှ မပြောဆိုရန်၊ (၆) လူတစ်ယောက်သည် အခြားသူ တစ်ယောက်အား စကားပြောဆိုရာတွင် ကြင်နာစိတ်ထားမေတ္တာပွား၍ နူတ်ဖျားချိုသာပြောဆိုရာ၏၊ (၇) လူတစ်ယောက်သည် အကြောင်းအရာ တစ်ခုကို ပြောဆိုရာတွင် ပြောသင့်မှသာ အချက်ကျကျပြောဆိုရာ၏။ ပြောင်တိပြောင်ချော်မပြောဆိုရ၊ မိုက်ရူးရဲ လူမိုက်စကားမပြောကြားရ၊ မိမိပြောဆိုသောစကားသည် ရည်ရွယ်ချက်ရှိရှိနှင့် စဉ်းစဉ်းစားစားပြောကြားရာ၏"ဟူ၍ သင်ကြားပါသည်။

၂၆။ "သမ္မာဝါစာ ခေါ် ချိုသာနူတ်ဖျား မှန်ကန်သောစကားကို ပြောဆိုခြင်းသည် ငါဘုရား ရှင်းလင်းဟောကြားခဲ့ပြီးသည့်အတိုင်း ကြောက်ရွံ့သောကြောင့် ဖေးမကူညီခြင်းဖြစ်စေရန် မဟုတ်ပေ။ သမ္မာဝါစာ ခေါ် ဖြောင့်မတ်မှန်ကန်သော ထိုစကားသည် အဂတိတရားလေးပါးစလုံးမှကင်းစင်သည့်

တန်ခိုး အာဏာဂုဏ်ပါဝါရှိသူအား ငဲ့ညှာထောက်ထား ပြောစကားမဟုတ်ပေ။"

၂၇။ "သမ္မာဝါစာ ခေါ် ချိုသာနူးညံ့ယဉ်ကျေးသော မှန်ကန်သောစကား၏ အနှစ်သာရသည် ဘုန်းတန်ခိုးအာဏာ ဂုဏ်ရှိန်ဝါကြီးသူတစ်ဦး၏ အမိန့်ပေး စေခိုင်းမှုကြောင့်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မဟုတ်ပေ။

၂၈။ "သမ္မာကမ္မန္တ(Samma Kamanta) ခေါ် ဖြောင့်မတ်မှန်ကန်သော ကိုယ်နှုတ်အမူအရာဆိုသည်မှာ မိမိ၏ကိုယ်နှုတ်အမူအရာ ပျူငှာစကားကြောင့် မိမိသူတစ်ပါး နှစ်ထောင်းအားရ မျှတအကျိုးဖြစ်စေသော ပြုမူချက်ဖြစ်ပါသည်။"

၂၉။ "သမ္မာကမ္မန္တ ခေါ် ဖြောင့်မတ်မှန်ကန်သော ကိုယ်နှုတ်အမူအရာ၏ အနှစ်သာရသည် မည်သည့်အရာဖြစ်သနည်း။? ရည်ညွှန်းဆိုထား သမ္မာကမ္မန္တဟူသော အနှစ်သာရမှာ ဘဝဖြစ်ထွန်းတည်ရှိရေး အခြေခံဥပဒေသနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေဖြစ်လာစေမှု ဖြစ်ပါသည်။"

၃၀။ "လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အဆိုပါ ဘဝတစ်ခုဖြစ်ထွန်းတည်တံ့ရေး အခြေခံဥပဒေသနှင့် လိုက်လျောညီထွေ ကိုယ်နှုတ်အမူအရာ ပျူငှာစွာ ဆက်ဆံမှုပြုလာမည်မှာ ဓမ္မတာမို့ ထိုသဘောတရားကို သမ္မာကမ္မန္တဟူ၍ ဆိုရပါသည်။"

၃၁။ "လူပုဂ္ဂိုလ်သတ္တဝါတစ်ဦးစီတို့မှာ မိမိ၏အသက်မွေးကျောင်းမှုကို ပြုရပါ၏။ ထိုသို့အသက်မွေးဝမ်းကျောင်းမှုပြုရာတွင် နည်းလမ်းအသွယ်သွယ် ရှိပါ၏။ အချို့သော အသက်မွေးဝမ်းကျောင်းမှုမှာ မကောင်းမှုဖြင့်ပြုလုပ်ရ၏။ အချို့သော ဝမ်းကျောင်းမှုမှာ ကောင်းမွန်၏။ မကောင်းသောအသက်မွေးမှုဆိုသည်မှာ အခြားသူများ တစ်ဖက်သားကို ထိခိုက်နစ်နာစေ၍ မတရားသဖြင့် အဓမ္မဝါဒဖြင့် ပြုကျင့်၍ ဆောင်ရွက်ရသည့်နည်းလမ်းဖြစ်၏။ ကောင်းသော အသက်မွေးမှုဆိုသည်မှာ အခြားသူများ တစ်ဖက်သားကို မထိခိုက်မနစ်နာစေသည့် တရားနည်းလမ်းကျနဓမ္မဝါဒဖြင့် ပြုကျင့်ဆောင်ရွက်ကြ၏။ ထိုသို့သော တရားမျှတနည်းလမ်းကောင်းဖြစ်သော အသက်မွေးမှုကို သမ္မာအာဇီဝ

(Samma Ajiva)ဟု ခေါ်ရသည်။

၃၂။ "သမ္မာဝါယမ(Samma Vyayama)ဆိုသော သဘောအဓိပ္ပါယ်မှာ အဝိဇ္ဇာ(Avijja)ဆိုသည် မသိနားမလည်မှုကို ရှေးဦးစွာဖယ်ရှားလျက် ဒုက္ခမျိုးစုံ အဖုံဖုံနှင့် တွေ့ကြုံခံစား ဘဝနှောင်အိမ်မှထွက်မြောက်ရေးအတွက် ရုန်းကန်လှုပ်ရှားကြောင်းတရားကို ခေါ်သည်။"

၃၃။ "သမ္မာဝါယမ(Right endeavour)၌ ရည်ရွယ်ချက် လေးခုရှိ၏။"

၃၄။ "ရည်ရွယ်ချက်တစ်ခုမှာ အတ်ရှတန္ဂမဂ္ဂ(Ashtangamarga) ခေါ် သင့်တင့်စွာ နှလုံးသွင်းနှင့် ဒွေးရောယှက်တင် မှားယွင်းစွာဆင်ခြင်မှုကို တားဆီး ပိတ်ပင်ကာကွယ်နိုင်ရေးအစီအစဉ် ဖြစ်ပါသည်။"

၃၅။ "ဒုတိယရည်ရွယ်ချက်မှာ အယောနိသောမနသိကာယ ခေါ်ပြောစိတ်တွင်ဖြစ်ပေါ်လာသော မှားယွင်းသည့်အတွေးအခေါ်များအား ချိုးနှိမ်ဖယ်ရှားရန် ဖြစ်ပါသည်။"

၃၆။ "တတိယရည်ရွယ်ချက်ကတော့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အက်ရှ်တန္ဂမဂ္ဂ(Ashtangamarga) ခေါ် သင့်တင့်စွာ စိတ်သဘောထားရှိရေး (ဝါ) အသင့်အတင့်နှလုံးသွင်းမှုဖြစ်ရန် လိုအပ်ချက်ကို အားဖြည့်ပေးရန် ဖြစ်ပါသည်။"

၃၇။ "စတုတ္ထအချက်မှာ ဖြစ်ပေါ်လာသော ယောနိသောမနသိကာယ (ဝါ) သင့်လျော်သည့်စိတ်ထားကို ပိုမိုတိုးပွားလာစေရန်အတွက် အားဖြည့်ပေးရန် အတွက် ဖြစ်ပါသည်။"

၃၈။ "သမ္မာသတိ(Samma Sati)က အမှတ်ရမှု(mindfulness)နှင့် လေးနက်စွာစဉ်းစားမှု (thought fulness)ကို ဖြစ်စေပါသည်။ ထိုစကားရပ်၏ အဓိပ္ပါယ်မှာ စိတ်သည် မကြာခဏ မေ့လျော့နေတတ်သည်ဟူ၍ ဖြစ်ပါသည်။ မိမိ၏စိတ်သည် မကောင်းမှု၌ ကပ်ငြိတွယ်တာခြင်းမှ ကင်းဝေးစေရေးအတွက် မိမိ၏စိတ်ကို စောင့်ကြည့်ထိန်းချုပ်ခြင်းကို သမ္မာသတိဟူ၍ ဆို၏။"

၃၉။ "အသင်ပရိဗိုဇ်ရဟန်းတို့ သမ္မာဒိဋ္ဌိ(Samma Ditti)၊ သမ္မာသင်္ကပ္ပ (Samma Sankappa)၊ သမ္မာဝါစာ(Samma Vacca)၊ သမ္မာကမ္မန္တော (Samma Kamanto)၊ သမ္မာအာဇီဝ(Samma Ajeevo)၊ သမ္မာဝါယာမော

(Samma Vyayamo)နှင့် သမ္မာသတိ(Samma Satti)တို့ကို ရရှိရေးအတွက် ကြိုးစားအားထုတ်သူ လူပုဂ္ဂိုလ်တစ်ယောက်အား တားဆီးနှောက်ယှက် အနှောင်အဖွဲ့မှမလွတ်စေရန် တုပ်နှောင်ထားအပ်သောအရာများနှင့် စိတ်ဓါတ် အင်အားထက်သန်စေမှုကို ပိတ်ပင်တားမြစ် နှောက်ယှက်သည့် နိဝရဏတရား ငါးပါးရှိသည်။"

၄၀။ "ၡင်းနိဝရဏတရားငါးပါးမှာ covetouness ခေါ် သူတစ်ပါး ပိုင်ဆိုင်ထားအပ်သော အရာတစ်ခုအား အလွန်အမင်းပြင်းပြင်းထန်ထန် ရယူပိုင်ဆိုင်လိုသောဆန္ဒ(ကာမစ္ဆန္ဒနိဝရဏ- ဘာသာပြန်သူ)၊ ill-will ခေါ် လွန်လေပြီးသော အတိတ်ကာလတွင် မှားယွင်းစွာလုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းအတွက် စိုးရိမ်ပူပန် နောင်တ တစ်ဖန်ဖြစ်ခြင်း(ဗျာပါဒနိဝရဏ-ဘာသာပြန်သူ)၊ sloth and torpor ခေါ် အလုပ်တစ်ခုပြုလုပ်ရန် ပျင်းရိငြီးငွေ့ခြင်းနှင့် ကြိုးစားအားထုတ်မှု လျော့နည်းလာခြင်း(ထိနမိဒ္ဓနိဝရဏ-ဘာသာပြန်သူ)နှင့် doubt an indecision ခေါ် ယုံမှားသံသယနှင့် မဆုံးဖြတ်နိုင်ခြင်း(ဝိစိကိစ္ဆာ-ဘာသာပြန်သူ)တို့ ဖြစ်သည်။ သို့ဖြစ်သောကြောင့် အဆိုပါ နိဝရဏတရား ငါးပါးကို ကျော်လွှားရန် လိုအပ်ပေသည်။ ထိုနိဝရဏတရား(fetters and hindrances) ငါးပါးကို သမ္မာ သမာဓိ(Samma Sammadhi)ဖြင့် ကျော်လွှား လွန်မြောက်နိုင်ပေ၏။ အသင် ပရိဗိုဇ်ရဟန်းတို့(Ye-Parivrajakas) သို့ရာတွင် သမ္မာသမာဓိ ဆိုသည် မှာ သမာဓိ (Samadhi)နှင့် မတူပေဘူး။ သိသာထင်ရှား ကွဲပြားခြားနားပါ၏။"

၄၁။ "သမာဓိ(Samadhi)ဆိုသောစကားမှာ စိတ်၏တည်ငြိမ်ခြင်း (concentration) သက်သက်မျှသာဖြစ်ပေ၏။ နိဝရဏတရားငါးပါးကို ဆိုင်းငံ့ ရပ်တန့်နေစေပြီးလျှင် ဒိုင်ယာနစ်(Dhyanic) ခေါ် စိတ်ကြည်လင် ငြိမ်းအေး ခြင်း အဆင့်သို့ ဦးတည်ရှေးရှုနေသည်ကိုမူ သံသယကင်းရှင်းစွာ နားလည်ရ ပါမည်။"

၄၂။ "သို့ရာတွင် ယင်းသို့ စိတ်ကြည်လင်ငြိမ်းအေးခြင်းအဆင့် ဖြစ်သည်ဟု ဆိုရမည့် Dhyana States သည် အခိုက်အတန့်သာ ဖြစ်ပါသည်။ နိဝရဏ တရား ခေတ္တခဏမျှ ရပ်တန့်သွားခြင်းအကျိုးရလဒ်မှာလည်း ယာယီမျှသာ ဖြစ်ပါသည်။ ထိုသို့သော နိဝရဏတရားယာယီအားဖြင့် မကြာခဏ ရပ်စဲရာမှ

အမြဲထာဝရစိတ်ကြည်လင်မှု ရရှိလိုလျှင် သမ္မာသမာဓိ(Samma Samadhi) ဖြင့်သာ ရရှိနိုင်ပေသည်။"

၄၃။ သမာဓိ(Samadhi)သည် နိဝရဏတရား(hindrance)အား ယာယီအားဖြင့်သာလျှင် မသေချာမရေရာသည့် ယာယီရပ်စဲမှုသို့ ဦးတည်ပေသည်။ ထိုသမာဓိထူထောင်မှုအလုပ်သည် စိတ်ကို လေ့ကျင့်ပျိုးထောင်ခြင်း မဟုတ်ပေ။ သမ္မာသမာဓိ(Samma Samadhi)ကသာလျှင် တိကျသေချာ ခိုင်လုံစွာ စိတ်ကို လေ့ကျင့်ပျိုးထောင်ခြင်းဖြစ်သည်။ သမ္မာသမာဓိသည် အကုသလကမ္မ (Akusala Kamma)ဟူသော မကောင်းတာကြံ၊ မမှန်တာလုပ်၊ မဟုတ်တာပြော၊ သဘောယုတ်မာ ဘုရားဟောချက်နှင့် လွဲချော်နေသည့် အချက်များကို စိတ်တည်ငြိမ်မှု ရရှိအောင် စူးစိုက်ထားသည့်အချိန်၌ သဒ္ဓါတရား၏ စေ့ဆော်ချက်ကြောင့် Kusala Kamma ခေါ် ကောင်းသောအကြံ၊ မှန်သောစကား၊ စိတ်ထားဖြူစင်သည့်ဘက်သို့ ဦးတည်ရွှေ့လျော စူးစူးစိုက်စိုက်ထားရှိမှုသဘောကြောင့် စိတ်ကို ပြုပြင်ထိန်းကျောင်းနိုင်ပေသည်။"

၄၄။ "သမ္မာသမ္မာဓိသည် စိတ်ကို အမြဲတမ်းကောင်းရာဘက်သို့ ဦးတည်စေလျက် ကောင်းမြတ်မှန်ကန်သောအကြံအစည် ပေးတတ်သည့် အလေ့အကျင့်ဖြစ်စေပါသည်။ သမ္မာသမ္မာဓိက စိတ်ဓါတ်အင်အားတိုးပွားစေပြီး စိတ်ထားကောင်းခြင်း ဖြစ်စေပေသည်။"

## (၅) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောကြားတော်မူအပ်သော တရားဒေသနာ(အဆက်)

## (5) The Buddha's First Sermon_(contd.)

### ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သီလကျင့်စဉ် (The Path to Virtue)

၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ပရိဗိုဇ်ရဟန်းတော်များအား ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သီလစောင့်ထိန်းခြင်းအကြောင်းကို ရှင်းလင်း ဟောကြားတော်မူလိုက်သည်။

mgyoe.com

mgy ၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ်ရဟန်းတော်များအား-

(က) သီလ (Sila)။
(ခ) ဒါန (Dana)။
(ဂ) ဥပေက္ခာ (Uppekha)။
(ဃ) နိက္ခမ (Nekkhama)။
(င) ဝီရိယ (Virya)။
(စ) ခန္တီ (Khanti)။
(ဆ) သစ္စာ (Succa)။
(ဇ) အဒိဿန (Adhithana)။
(ဈ) ကရုဏာ (Karuna) နှင့်
(ည) မေတ္တာ(Maitri)တည်းဟူသော

ကိုယ်ကျင့်သီလ ဖြူစင် မြင့်မြတ်ကြောင်းတရားကို ဟောကြားတော်မူလိုက်သည်။

၃။ ပရိဗိုဇ်ရဟန်းတော်များက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သီလ၏ အဓိပ္ပာယ်ကိုလည်း ဟောကြားပေးတော်မူရန် တောင်းပန်လျှောက်ထားကြကုန်၏။

၄။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ၎င်းတို့ တောင်းပန်လျှောက်ထားချက်အား တုံ့ပြန်ဟောကြားတော်မူလိုက်၏။

၅။ "သီလ"ဟူသည်မှာ ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်တရားတွင် အကျုံးဝင်သော ကိုယ်အမူအရာယဉ်ကျေးလိမ္မာခြင်း၊ မကောင်းမှုကိုရှောင်ပြီး ကောင်းမှုကို ဆောင်ခြင်း၊ ကိုယ်နှုတ်အမူအရာ မှားယွင်းစွာဆောင်ရွက်မိခြင်း အတွက်ရှက်ခြင်း၊ ကိုယ်နှုတ်အမူအရာဖြင့် မကောင်းမှုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် သီလဖြစ်သည်။ အတိုချုပ်အားဖြင့် မှားယွင်းစွာလုပ်ကိုင် ဆောင်ရွက်မှုကိုကြောက်ရွံ့ခြင်းဖြစ်သည်။" (ဓမ္မပဒ ဩဝါဒပါတိမောက်တွင်လည်း ဗုဒ္ဓက- **မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကို ဖြူအောင်ထား၊ ဆူဆူဗုဒ္ဓဟော ညွှန်ပြဆုံးမ ထိုစကား**-ဟူ၍ ရွှေတိဂုံစေတီ တောင်ဘက်မုခ်၌ ကျောက်စာတွင် မှတ်တမ်းတင်ထားပါသည်- ဘာသာပြန်သူ)

mgyoe.com

၆။ "နိက္ခမ"ဟူသည်မှာ လောကီအာရုံ ကာမဂုဏ်တွင် ခုံမင်နှစ်သက် စွဲလမ်းမှုကိုဖြစ်စေသော အိမ်ယာတည်ထောင် လူ့ဘောင်ကိုစွန့်လွှတ်ခြင်း ဖြစ်သည်။

၇။ "ဒါန"ဟူသောအဓိပ္ပါယ်မှာ မိမိ၏ပစ္စည်းဥစ္စာ၊ ကိုယ်အင်္ဂါနှင့် အသွေးအသား၊ အသက်ခန္ဓာစသည်များအား အခြားသူတစ်ပါး၏ ကောင်းကျိုးချမ်းသာအလို့ငှာ မည်သည့်အကျိုး မျှော်ကိုးခြင်းမရှိဘဲ ပေးကမ်းစွန့်ကျဲခြင်းဖြစ်သည်။

၈။ "ဝီရိယ"ဆိုသည်မှာ မှန်ကန်သော ကြိုးစားအားထုတ်မှုဖြစ်သည်။ ထိုစကား၏ အခြားအဓိပ္ပါယ်မှာ မည်သို့သော အခက်အခဲအကျပ်အတည်းကို တွေ့ကြုံရင်ဆိုင်ရစေကာမူ နောက်မဆုတ်ဘဲ မလျှော့သောဇွဲသတ္တိဖြင့် မိမိ၏ ရည်မှန်းချက်ကို ရရှိစေရန် ကြိုးစားအားထုတ်ခြင်းဖြစ်သည်။

၉။ "ခန္တိ"ဟူသော အဓိပ္ပါယ်မှာ အခက်အခဲအကျပ်အတည်းနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မိမိစိတ်ကိုချုပ်တည်းခြင်းကို ဆိုသည်။ ခန္တိ၏အနှစ်သာရမှာ ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ သည်းခံခြင်းဖြစ်သည်။ ဒေါသသူပုန်ထ အငြင်းအခုံဖြစ်ပွားမှုငြိမ်းအေးပြေပျောက်သွားရန် ဒေါသဖြင့် ဖြေရှင်း၍မရနိုင်ပေ။ နောက်တစ်ဖန် အငြင်းမပွားစေရန်အတွက် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်သဘောထားကြီးရန် ဖြစ်သည်။ နောက်ထပ်တစ်ဖန် အငြင်းပွားမှုမဖြစ်စေရန် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ဒေါသချုပ်တည်းခြင်း ဖြင့်သာလျှင် ကာကွယ်နိုင်သည်။

၁၀။ "သစ္စာ"သည် အမှန်တရားဖြစ်သည်(Succa is truth)။ လူပုဂ္ဂိုလ်တစ်ယောက်သည် မည်သို့သောအချိန်မှ မုသားမပြောရပါ။ လူပုဂ္ဂိုလ်တစ်ယောက်၏စကားရပ်သည် အမှန်စကားသာဖြစ်ရပါမည်။ မည်သည့်အကြောင်းအရာဖြစ်စေ မှန်သောစကားဖြစ်ရမည်။ မမှန်သောစကား မဖြစ်စေရ။

၁၁။ "အဓိဋ္ဌာန"(Adhithana)ဟူသော အဓိပ္ပါယ်မှာ ရည်မှန်းချက်ပန်းတိုင်ရောက်ရန် စိတ်ကိုဆုံးဖြတ်ချက်ချ မှတ်ထားရပါမည်။

၁၂။ "ကရုဏာ"(Karuna)ဟူသည်မှာ လူသားများအပေါ်မှာ ထားရှိအပ်သော သနားကြင်နာမှုဖြစ်သည်။"

mgyoe.com

၁၃။ "မေတ္တာ"(Maitri)ဆိုသည်မှာ သက်ရှိသတ္တဝါအားလုံးအပေါ် ဖြန့်ကြက်၍ ထားရှိအပ်သော စေတနာကိုခေါ်ပြီး ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ တစ်သားတည်း အညီအမျှ မေတ္တာသက်ဝင်စေခြင်းနှင့် လူသားများအပေါ်၌သာမက သက်ရှိသတ္တဝါများအားလုံးတို့အပေါ်၌လည်း မေတ္တာသက်ဝင်မှု ပြုရပါမည်။

၁၄။ "ဥပေက္ခာ"(Upekka)ဟူသော အဓိပ္ပါယ်မှာ သတ္တဝါဝေနေယျများ အားလုံး သူပြုခဲ့သောကံအကြောင်းတရားအတိုင်း အကျိုးတရားရရှိ ခံစားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမဟူ၍ မခွဲခြားဘဲ သံယောဇဉ်ထားရှိမှုကို ပယ်ဖျောက်လျက် ၎င်းနှင့်ပတ်သက်၍ ခံစားမှုတစ်စုံတစ်ရာ မရှိခြင်းဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် စိတ်ထဲ၌ ချစ်ခင်မှု၊ မုန်းတီးမှုများ မပါရှိခြင်းဖြစ်သည်။ သတ္တဝါတစ်ဦးသည် သူ့ကြောင်းနှင့် သူ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲ အကျပ်အတည်း ဒုက္ခခံစားနေခြင်းအား လျစ်လျူရှုထားလိုက်ခြင်းဖြစ်သည်။

၁၅။ ဤကျင့်စဉ်များသည် သူတော်သူမြတ်တို့၏လမ်းစဉ်ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အတတ်နိုင်ဆုံး ကျင့်ကြံပွားများရပါမည်။ ဤ ကျင့်စဉ်များကို ပါရမီ (Paramitas) (ဝါ) States of Pefection ဟူ၍ ခေါ်သည်။

## (၆) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ပထမဆုံးဟောကြားတော်မူအပ်သော တရားဒေသနာ(အဆက်)

## (6) The Buddha's First Sermon (contd.)

၁။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက သူ၏ဓမ္မကို ပရိဗိုဇ်ရဟန်းတော်တို့အား ရှင်းလင်းဟောကြားတော်မူပြီး ၎င်းတို့အား ဆက်လက်၍ မေးခွန်းထုတ်တော်မူ၏။

၂။ "လောကကြီးတွင် ကိုယ်ကျင့်သီလဖြူစင်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖို့ရာ၌ ကောင်းသောသူ (ဝါ) သူတော်ကောင်းဖြစ်လာစေရန် အဓိကကျသည့် အခြေခံအချက်မဟုတ်ပေဘူးလား"ဟူ၍ မေးမြန်းချက်အား ပရိဗိုဇ်ရဟန်းတော်များကလည်း "ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဟောကြားချက်

mgyoe.com

အတိုင်း မှန်ပါ၏”ဟူ၍ ဖြေကြားလျှောက်ထားကြလေ၏။

၃။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ဆက်လက်ဟောကြားတော်မူသည်မှာ “ပါဏာတိပါတ၊ အဒိန္နာဒါနာ၊ မုသာဝါဒါ၊ ကာမေသုမိစ္ဆာစာရဟူသော အကျင့်စရိုက်ဆိုးများသည် မိစ္ဆာဒိဋ္ဌိ၊ အဝိဇ္ဇာ၊ တဏှာနှင့် ဥပါဒါန်မည်သော တရားဆိုးများ လှုံ့ဆော်တိုက်တွန်းမှုကြောင့် စိတ်ဓါတ်အင်အား ယုတ်လျော့ပါးပြီး မတရားအမှုပြုလုပ်ခြင်းသည် ကိုယ်ကျင့်သီလ မဖြူစင်ခြင်း မဟုတ်ပေဘူးလား?။ ဤသို့သော အကျင့်စာရိတ္တပျက်ပြား၊ မကောင်းမှုဒုစရိုက်တရားကို မကျူးလွန်မစော်ကားမိစေရန် လုံလောက်သည့် ခုခံနိုင်သော ကိုယ်ကျင့်တရား အားကောင်းစေရန် ကိုယ်ကျင့်သီလဖြူစင်ဖို့ မလိုအပ်ပေဘူးလား?။ လူပုဂ္ဂိုလ် တစ်ဦးသည် ကိုယ်ကျင့်သီလ မဖြူစင်ခဲ့သော် လူကောင်းတစ်ယောက် (ဝါ) သူတော်ကောင်းတစ်ဦး မည်သို့မျှ မဖြစ်နိုင်ဘူးမဟုတ်လား?၊ ထိုအခါ ပရိဗိုဇ် ရဟန်းများက “မှန်လှပါ အရှင်ဘုရား၊ အရှင်ဘုရား ဟောကြားခဲ့သည့်အတိုင်း ဖြစ်ပါသည်” ဟူ၍ ဖြေကြားလျှောက်ထားကြလေ၏။

၄။ “ဒီလောက်မျှသာမဟုတ်သေးပါ။ ပရိဗိုဇ်ရဟန်းတို့ လူများစွာတို့ဟာ အခြားသူတစ်ပါးတို့၏စိတ်ကို မလွှမ်းမိုးမကြီးစိုးနိုင်သည်မှာ ဘာကြောင့်ပါလည်း?။ အခြား သူတစ်ပါးတို့၏ဘဝများ စိတ်မချမ်းသာအောင် လူများ ပြုမူကြခြင်းမှာ အဘယ်ကြောင့် လူအများဟာ တစ်ဦးနှင့်တစ်ဦး မှန်မှန်ကန်ကန် အပြန်အလှန် မဆက်ဆံနိုင်ကြဘဲ ဖြစ်နေကြတာမဟုတ်ဘူးလား?။ ထိုသို့ ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ မေးမြန်းသည့်အခါ ပရိဗိုဇ်တို့က ၎င်းတို့၏ ဦးခေါင်းများ ညိတ်လျက် ဟုတ်မှန်ကြောင်း ဝန်ခံကြလေ၏။

၅။ “ကိုယ်ကျင့်သီလစောင့်ထိန်းခြင်းလမ်းစဉ်(Righteous Path)ကို လူတိုင်းလိုက်နာကျင့်သုံးခြင်းအားဖြင့် လူလူချင်း ပေါင်းသင်းဆက်ဆံရာ၌ တရားမျှတမှုမရှိခြင်း၊ အလွန်ရက်စက်ကြမ်းကြုတ်မှုမှ ရှောင်ရှားနိုင်ခြင်း အကျိုးတရား ရရှိနိုင်ပေလိမ့်မည်။ ဒါကြောင့်သူတော်သူမြတ်လမ်းစဉ်ဖြစ်သည့် သမ္မာဒိဋ္ဌိ (Right Views)၊ သမ္မာသင်္ကပ္ပ(Right aims)၊ သမ္မာဝါစာ (Right Speech)၊ သမ္မာအာဇီဝ(Right Livelihood)၊ သမ္မာဝါယမ (Right means)၊ သမ္မာသတိ(Right Mindfulness)၊ သမ္မာကမ္မန္တ(Right Perseverance) နှင့်

သမ္မာသမာဓိ(Right Contemplation)တို့ကို ကျင့်သုံးရန် မသင့်လျော်ပေဘူးလား?"ဟူ၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက မေးခွန်းထုတ်လိုက်ရာ ပရိဗိုဇ်ရဟန်း တို့က "မှန်လှပါ၊ လိုက်နာကျင့်သုံးသင့်ပါ၏"ဟူ၍ ပြောကြားလေ၏။

၆။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သူတော်စင်တို့၏ ကျင့်မြတ်လမ်းစဉ်ကို ရှေးရှုဆင်ခြင်၍ "လူဘဝ၏ အခြေခံလိုအပ်ချက်ကို တောင့်တရသည့်ဒုက္ခမှ ကင်းစင်လွတ်မြောက်စေရန်နှင့် ကောင်းမြတ်သော လိုအင်ဆန္ဒအဝဝတို့ ရရှိလာစေရန် ဒါန(Dana)ဟူသော ကုသိုလ်ကောင်းမှုကို မပြုသင့်ကြပေဘူးလား?။ ဆင်းရဲဒုက္ခ တွေ့ကြုံခံစားနေကြရသူများအား သနားကရုဏာ (Karuna) ဝိုင်းဝန်း ဖေးမ မကူညီသင့်ပေဘူးလား?။ ကိုယ့်အကျိုးစီးပွား မဟုတ်သည့် အများအကျိုး သယ်ပိုးထမ်းရွက်မှု ပရဟိတအလုပ်ဖြင့် မိမိ ကိုယ်ပိုင်အချိန်နှင့် လုပ်ငန်းကို စွန့်လွှတ်ခြင်း(Nekkamma)ကို မပြုလုပ်သင့်ပေဘူးလား?။ မိမိအကျိုးစီးပွားအား ဥပေက္ခာ(Uppekka)ပြု၍ အများအကျိုးစီးပွားအလို့ငှာ အားထုတ်မှု မပြုလုပ်သင့်ပေဘူးလား?။

၇။ "လူသားတစ်ယောက်အပေါ် ချစ်ခင်သည့်စိတ်ထားရန် မလိုအပ်ပေဘူးလား?ဟူ၍ မေးသောအခါ ပရိဗိုဇ်ရဟန်းတို့က "မှန်လှပါ၊ ချစ်ခင်သင့်ကြောင်းပါ မြတ်စွာဘုရား"ဟူ၍ ဖြေကြားကြလေ၏။

၈။ "ငါဘုရား ဆက်လက်၍ဟောကြားပေအံ့၊ တစ်ထောင့်ငါးရာ ကိလေသာအချစ်၊ သို့မဟုတ် ငါးရာ့နှစ်ဆယ့်ရှစ်သွယ် အချစ်နှင့် မလုံလောက်သေးဘူး၊ မေတ္တာ (Maitri)ခေါ် သတ္တဝါအားလုံးအပေါ် မိမိရင်၌ဖြစ်သော သားသမီးကဲ့သို့ သနားကြင်နာသည့် ချစ်ခြင်းမေတ္တာထားရှိရန်လိုအပ်ပေသည်။ ချစ်ခြင်းမေတ္တာထက် သနားကြင်နာမေတ္တာက ပိုမိုနက်ရှိုင်း ကျယ်ဝန်းပေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ မိမိပတ်ဝန်းကျင်အသိုင်းဝန်းရှိ လူတစ်စုအတွက်သာမဟုတ်၊ လူသားများအားလုံးနှင့် သက်ရှိသတ္တဝါများအားလုံးအတွက် ဖြစ်ပါသည်။ သနားကြင်နာ ချစ်ခြင်းမေတ္တာဆိုသော စကားသည် လူသားများအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ပါ။ (မေတ္တာသဟဂတေနစေတသာ၊ သဗ္ဗပါဏဘူတေသု ဖရိတ္တာဝါဝိဟာရဏံ သမာဓိယာမိ - ဘာသာပြန်သူ) ယင်းကဲ့သို့သော မေတ္တာတရား (Maitri) မထားရှိသင့်ပေဘူးလား?။ သတ္တဝါတိုင်းအပေါ်

အမုန်းတရားမထားဘဲ သတ္တဝါအားလုံးအပေါ် စိတ်ကို အညီအမျှဖြန့်ကြက် ကျရောက်စေလျက် မိမိကိုယ်တိုင် ရရှိခံစားနေသည့် ပျော်ရွှင်ချမ်းမြေ့မှုနှင့် မခြားနားဘဲ အားလုံးအတူတကွ မျှဝေခံစားနိုင်ကြပါစေကြောင်း စိတ်နှလုံး ကောင်းထားရှိရန် မလိုအပ်ပေဘူးလား?"။

၉။ ပရိဗိုဇ်ရဟန်းအားလုံးတို့က "မှန်လှပါဘုရား၊ သက်ရှိသတ္တဝါများ အားလုံးအပေါ် ချစ်ခြင်းမေတ္တာ အညီအမျှထားရှိရန်လိုအပ်ပါသည်ဘုရား" ဟူ၍ ဖြေကြားကြကုန်၏။

၁၀။ "ငါဘုရားဟောကြားခဲ့သည့် သူတော်စင်လမ်းစဉ် ကျင့်ကြံရာတွင် မည်သို့ပင်အားထုတ်စေကာမူ ပညာ(Pranja)မပါလျှင် ခရီးမရောက်နိုင်ပေ။ ဒါကြောင့် ဤသူတော်စင် အကျင့်မြတ်ကို အသိဉာဏ်(Intelligence)နှင့် တစ်ပါတည်း ကျင့်ကြံအားထုတ်ပါလော့"။

၁၁။ "ကျင့်ကြံပွားများမှုတွင် အသိဉာဏ်မလိုအပ်ပေဘူးလား?ဟူသော မေးခွန်းကို ပရိဗိုဇ်ရဟန်းများက အဖြေမပေးခဲ့ကြပေ။ ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓက သူ၏မေးမြန်းချက်ကို ပရိဗိုဇ်ရဟန်းများဖြေကြားစေရန် ထပ်မံ၍ "လူတော်လူကောင်းများ၏အရည်အသွေးဖော်ပြချက်မှာ "မကောင်းမှုမပြုပါနဲ့၊ မကောင်းတာ မကြံပါနဲ့၊ မကောင်းမှုဖြင့် အသက်မမွေးပါနဲ့၊ ငါဘုရား ဆိုလို သည့်စကားမှာ သူတစ်ပါးအား နာကျင်စေရန်ပြုလုပ်၍ အသက်မမွေးပါနဲ့" ဟူ၍ ဖြစ်သည်။ ထိုအခါ ပရိဗိုဇ်ရဟန်းတို့က "မှန်လှပါဘုရား"ဟူ၍ ဖြေကြား ကြလေသည်။

၁၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက "ဒါပေမဲ့ ကောင်းသောအမှုကို မျက်ကန်း ပမာ ဆောင်ရွက်တာကို အသင်တို့ လက်ခံကြိုဆိုပါမည်လော?"ဟူ၍ မေးမြန်း တော်မူပြီး "ထိုသို့မျက်ကန်းပမာ ကောင်းမှုပြုတာကို ငါမနှစ်သက်ပါ။ ဤသို့ ကောင်းသောအမှုကိစ္စကို မျက်ကန်းပမာဆောင်ရွက်တာဟာ မပြည့်စုံသေးပါ" ဟူ၍ ပရိဗိုဇ်ရဟန်းတို့အား မိန့်ကြားလေ၏။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ဆက်လက်၍ ပရိဗိုဇ်များအား မိန့်ကြားသည်မှာ "အကယ်၍သာ ပြည့်စုံ လုံလောက်သည်ဟုဆိုလျှင် မိခင်၏ရင်ခွင်တွင် နို့စို့နေသောကလေးငယ်က ကောင်းမှု အမြဲတစေပြုလုပ်ပါမည်ဟူ၍ ဖြေကြားပေလိမ့်မည်။ နို့စို့အရွယ်

mgyoe.com
ကလေးငယ်မှာ ကိုယ်ခန္ဓာဆိုသောအဓိပ္ပါယ်ကို သူမသိရှာသေးပေ။ ထိုကဲ့သို့ နို့စို့အရွယ်ကလေးငယ်သည် ကိုယ်ခန္ဓာဆိုတာ ဘယ်ဟာလဲဟူ၍ သိနားလည်သည်မဟုတ်စေကာမူ သူ့ကိုယ်ပေါ်မှာ ဆိုးဝါးသော ဝေဒနာခံစားရလျှင် အကြောက်အကန် လူးလွန့်ရုန်းကန်မည် ဖြစ်လေသည်။ မိခင်၏ရင်ခွင်မှ နို့စို့အရွယ် ကလေးငယ်သည် တွတ်တီးတွတ်တာပြောဆိုခြင်းသည် ဘာအဓိပ္ပါယ်ဖြင့် ပြောဆိုသည်ကို မသိရစေကာမူ ငိုယိုသည့်အဆင့်ကျော်လွန်၍ ပြောဆိုတတ်လာခြင်းသည် မိခင်ရင်ခွင်မှ နို့စို့အရွယ်ကလေးငယ်သည် စဉ်းစားမှုဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို မသိသေးသော်လည်း ပျော်ရွှင်သည့်ခံစားချက်ဖြင့် ဟစ်အော်နေသည်ကို သိနိုင်သည်။ မိခင်၏ရင်ခွင်မှ နို့စို့အရွယ်ကလေးငယ်သည် အသက်ရှင်သန်မှုဆိုသည်ကို မည်သည့်အရာဟူ၍ မသိနားမလည်စေကာမူ ဝမ်းဗိုက်ဆာလောင်မွတ်သိပ်သောအခါ သူသည် အသက်ရှင်သန်ရေးအတွက် ရုန်းကန်လှုပ်ရှားရမည့်နည်းလမ်းဖြင့် သူသည် မိခင်နို့ကိုအားစိုက်၍ ဆွဲစို့မည် ဖြစ်သည်။

၁၃။ "ဒါကြောင့် သူတော်စဉ်အကျင့်မြတ်လမ်းစဉ်ဟာ (ရှေးဟောင်း အိန္ဒိယပြည် တောတောင်ထဲ၌ ပင်ပန်းဆင်းရဲခံကာ အတ္တကိလမထာနုယောဂ အကျင့်ဖြင့် တရားရှာကြံသည့်နည်း (The Path of Virtue for the Purity) ကို ပြောဆိုသောစကားရပ် ဖြစ်မည်ဟူ၍ သုံးသပ်ရပါသည်- ဘာသာပြန်သူ) အသိဉာဏ်ဖြင့်ယှဉ်၍ စူးစမ်းဆင်ခြင်ရမည်၊ တစ်နည်းအားဖြင့် သိရှိနားလည်ခြင်းနှင့် သဘောပေါက်နားလည်ရမည်"ဟူ၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပရိဗိုဇ်ရဟန်းများအား မိန့်ကြားခဲ့သည်။

၁၄။ "ဉာဏ်ပညာနှင့်ယှဉ်၍ ကျင့်ကြံအားထုတ်ခြင်း (ပညာဖြည့်ကျင့်မှု၊ ခေါ် Prajaparamita)ကို အဘယ့်ကြောင့် ကျင့်ကြံရန် အလွန်အရေးကြီး၍ ပို၍ လိုအပ်ကြောင်းအတွက် အခြားတစ်ပါးသော သဘာဝယုတ္တိရှိသေးတယ်"။ ဒါန (Dana) ခေါ် ပေးကမ်းစွန့်ကြဲမှုဆိုတာရှိရန် လိုအပ်တယ်။ သို့သော်လည်း အသိဉာဏ်မပါဘဲ ပြုလုပ်သော ဒါနသည် ယုံကြည်မှုနှင့်မျှော်လင့်ချက် မပါသဖြင့် အကျိုးသက်ရောက်မှုမရှိပေ။ ကရုဏာ(Karyna)တရားဆိုတာလည်းပဲ ရှိရပါမယ်။ သို့သော် ဉာဏ်ပညာမပါသော ကရုဏာခေါ် ကြင်နာသနားမှုဟာ

လည်းပဲ မကောင်းမှုကိုသာ အထောက်အကူပြုရာ ကျလိမ့်မည်။ ဖြည့်ကျင့်အားထုတ်မှုပြုလုပ်သော ပါရမီတိုင်းသည် ပညာပါရမီ (Prajna Paramita) နှင့် ယှဉ်တွဲနေရမည်။ တစ်နည်းအားဖြင့် အဲဒါဟာ ဉာဏ်ပညာပဲ ဖြစ်တယ်။

၁၅။ "မည်သည့်ကျင့်ဝတ်သည် ဖြူစင်မြင့်မြတ်မှုဟူ၍လည်းကောင်း၊ ထိုမှားယွင်းသောအကျင့်သည် မည်ကဲ့သို့ပေါ် ပေါက်လာသည်တို့ကို သိရှိနားလည်ခြင်းနှင့် အမှားအမှန်ကို ပညာဉာဏ်နှင့်ဆင်ခြင်ရန် သတိရှိခြင်း တို့သည် ငါဘုရား လိုလားနှစ်သက်သည့် အခြေခံသဘောတရားဖြစ်ပါသည်။ ထိုနည်းအတိုင်းပင် မည်သည့်အကျင့်သည် မှန်ကန်သောအကျင့်ဖြစ်၍ မည်သည့်အကျင့်သည် မှားယွင်းသောအကျင့်ဖြစ်သည်ကို သိရှိနားလည်ခြင်းနှင့် အမှားအမှန် ခွဲခြားသိရှိရန် သတိရှိရန်လိုအပ်ပါသည်။ အတွေ့အကြုံ အကြားအမြင် ဗဟုသုတမရှိဘဲ ကောင်းသောအမှုကို ကောင်းအောင်ပြုသော်လည်း ကောင်းခြင်းမင်္ဂလာ မဖြစ်နိုင်ပေ။ အဲဒါဘာလဲလို့ဆိုလျှင် ပညာအရာသည် ဖြူစင်မြင့်မြတ်ခြင်းအတွက် လိုအပ်သောအရာအဖြစ် ငါဘုရား ဟောကြားလိုက်ရခြင်း ဖြစ်ပါသည်။"

၁၆။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ပထမဆုံးတရားဒေသနာကို နိဂုံးချုပ်ပါကြောင်း ပရိဗိုဇ်ရဟန်းတော်များသို့ အောက်ဖော်ပြပါ သြဝါဒများဖြင့် မှာကြားခဲ့ပါသည်။

၁၇။ "အသင် ပရိဗိုဇ်ရဟန်းတို့! အသင်တို့သည် ငါဘုရား၏တရားတော် (Dhamma)ကို အဆိုးမြင်ဝါဒအဖြစ် မြင်ကောင်းမြင်ကြပေလိမ့်မည်။ ဘာကြောင့်လည်းဆိုတော့ လူသားတစ်ရပ်လုံးခံစားနေရသည့် ဆင်းရဲဒုက္ခကို သတိထား သိမြင်နားလည်စေလိုသည့်အတွက် ဖြစ်တယ်။ ငါဘုရား၏ ဟောကြားတော်မူသည့် တရားဒေသနာ(Dhamma) မှားတယ်ရယ်လို့ အသင် ပရိဗိုဇ်တို့က ပြောချင်ပြောကြမယ်။"

၁၈။ "ငါဘုရားဟောကြားတော်မူသည့် တရားတော်(Dhamma)က လူ့ဘဝဆိုသည်မှာ ဆင်းရဲဒုက္ခ ခံစားနေရခြင်းဖြစ်ကြောင်း အသိအမှတ်ပြုသည်ကို အသင်ပရိဗိုဇ်တို့သံသယ မရှိကြပါနဲ့၊ သို့ရာတွင် လူ့လောက၏ ခံစားနေရသည့် ဆင်းရဲဒုက္ခကို ဖယ်ရှားပစ်နိုင်ရန်နည်းလမ်းရှိသည်ကို မမေ့ကြပါနဲ့"။

၁၉။ "ငါ့ဘုရားဟောကြားတော်မူသည့် တရားဒေသနာ (Dhamma) သည် လူ့လောက ခံစားနေကြရသည့်ဒုက္ခမှ လွတ်မြောက်ရန် မျှော်လင့်ချက် (Hope) နှင့် ရည်မှန်းချက်(Purpose)ထားရှိပါတယ်။

၂၀။ "ငါ့ဘုရားဟောကြားတော်မူသည့် တရားဒေသနာသည် လူ့လောက ခံစားနေရသည့် ဆင်းရဲဒုက္ခမှလွတ်မြောက်ရန် မသိမှု(Ayijja)ကို ဖယ်ရှား ပစ်နိုင်ရန်ဖြစ်ပါတယ်။ ၎င်းမသိမှု အဝိဇ္ဇာကြောင့် ဆင်းရဲဒုက္ခခံစားနေကြရခြင်း ဖြစ်တယ်။"

၂၁။ "ငါ့ဘုရားဟောကြားတော်မူသည့် တရားဒေသနာက လူသားတွေ တွေ့ကြုံခံစားနေရသည့် ဆင်းရဲဒုက္ခ(Human Suffering)ကို အဆုံးသတ် ချုပ်ငြိမ်းမှုရရှိရန်နည်းလမ်းကို ဖေါ်ပြထားတယ်။"

၂၂။ "ငါ့ဘုရားဟောကြားတော်မူသည့် တရားဒေသနာကို အသင်တို့ သဘောတူကြပါသလား? သို့မဟုတ် ကန့်ကွက်ကြမလား?"ဟူ၍ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓက မိန့်ကြားတော်မူလိုက်၏။ ထိုအခါ ပရိဗိုဇ်ရဟန်းတို့က "မှန်လှပါဘုရား၊ တပည့်တော်များအားလုံးတို့က ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ဟောကြားသည့် တရားဒေသနာကို နှစ်သက်သဘောကျပါတယ်"ဟူ၍ ပြန်လည် လျှောက်ထားကြလေ၏။

## (၇) ပရိဗိုဇ်ရဟန်းတော်များ၏ တုံ့ပြန်လျှောက်ထားချက်

## (7) The Response of the Parivrajakar

၁။ ပရိဗိုဇ်ရဟန်းတော်ငါးဦးတို့က ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ဟောပြ သည့် တရားသည် တရားအသစ်တစ်ခု(a new Dhamma) ဖြစ်ကြောင်း ကောင်းစွာ သိနားလည်ခဲ့ကြသည်။ ပရိဗိုဇ်ရဟန်းတော်များသည် လူ့လောက ၏ပြဿနာများအား ချဉ်းကပ်ပုံအသစ်ဖြစ်ခြင်းကြောင့် များစွာစိတ်ဝင်စားမှု ဖြစ်ကြသည်။ ၎င်းတို့အားလုံး တစ်ပြိုင်တည်း၊ တစ်သံတည်းဖြင့် ဗုဒ္ဓ၏ တရား လမ်းစဉ်မှန်ကန်ကြောင်း နှုတ်မှထုတ်ဖော်ပြောဆိုကြသည်မှာ "ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုသမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ဖူးသေးသော မည်သည့်ဘာသာရေး ခေါင်းဆောင် တစ်ဦးတစ်ယောက်မှ မဟောကြားဖူး

သေးသည့် လူ့ဘဝတွင် တွေ့ကြုံရင်ဆိုင်နေကြရသည့် ဆင်းရဲဒုက္ခကို သဘော ပေါက် သိမြင်ခြင်းသည် ဘာသာ ယုံကြည်ကိုးကွယ်မှုရဲ့ အခြေခံအကျဆုံး အချက် ဖြစ်ပေတယ်။"

၂။ "ဘာသာယုံကြည်ကိုးကွယ်မှု စတင်တွေ့ရှိ ထူထောင်ကြသူများ အကြောင်း ကမ္ဘာ့သမိုင်းတွင် လူသားတို့တွေ့ကြုံရင်ဆိုင်နေကြရသည့် စိုးရိမ် ပူဆွေး ငိုကြွေးနေရမှုများကို ဖယ်ရှားခြင်းဟာ ဘာသာယုံကြည်ကိုးကွယ်ခြင်း ၏ ရည်ရွယ်ချက် အစစ်အမှန်ဖြစ်စေတယ်ဆိုတာ ဘယ်သူပုဂ္ဂိုလ်တစ်ဦးမျှ မဟောကြားခဲ့သေးပါပေ!"

၃။ "ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရန်နည်းလမ်းသည် အလွန်လွယ်ကူ ၍ သဘာဝတရားနှင့် ကိုက်ညီသည့် ရိုးရှင်းသောနည်းလမ်းဖြစ်ကြောင်း၊ သဘာဝတရားနှင့် မကိုက်ညီသော သဘာဝလွန်စွမ်းအားရှင် (Supernatural and Super human Agency)ဆိုသော ခြောက်လှန့်ခြင်းနှင့် မြှောက် ပင့်ခြင်း တရား(ဝါ) အခြောက်တရားနှင့် အမြှောက်တရားမပါသည့် ထိုကဲ့သို့ ဟောကြားသည့် တရားဓမ္မဖြစ်ကြောင်း၊ ထာဝရဘုရားသခင် ယုံကြည်သည့် ဝါဒမှ လည်းကောင်း၊ သေပြီး နောက်ဘဝတစ်ပြန်ဖြစ်သည်ဟူသော အယူအဆ မှလည်းကောင်း၊ အသက်ဝိဉာဉ်ရှိသည်ဟူသော အယူအဆမှလည်းကောင်း လွတ်မြောက်စေလျက် အထူးသဖြင့် ယင်းသို့ယုံကြည်ကိုးကွယ်ခြင်းကို အထူး သဖြင့် ဆန့်ကျင်ကြစေရန် ဟောကြားသည့်တရားဖြစ်သည်။ ယင်းကဲ့သို့သော တရားဓမ္မကို ကမ္ဘာပေါ်တွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မဟောကြား ခဲ့ဖူးသေးပေ။"

၄။ "လောကီလူသားတို့၏ လိုအင်ဆန္ဒအဝဝကို ကြံဆောင်ဖြည့်ဆည်း ပေးနိုင်လိမ့်မည်ဟုယူဆပြီး အကောင်အထည် တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ရ ဖူးသည့် တန်ခိုးရှင်အဖြစ် မှတ်ထင်စွဲလမ်း မျက်ကန်းအယူအဆအား ဆန့်ကျင် လျက် ကမ္ဘာ့သမိုင်း၌ တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသေးသည့် ရှင်တော် ဂေါတမမြတ်ဗုဒ္ဓ၏ တရားဒေသနာအရ မည်သည့်အရာမျှ ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ သဘာဝတရားအတိုင်း ဖြစ်ပျက် ပြောင်းလဲနေခြင်းသာဖြစ်ကြောင်း ညွှန်ပြချက်ဖြစ်သည်။"

၅။ "ကမ္ဘာတစ်လွှား နေထိုင်ကြသောလူသားများ၏ဘဝတွင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ကောင်းခြင်းမင်္ဂလာတို့သည် တန်ခိုးရှင်များ သနားညှာတာပေးအပ်လာသည်ဟူ၍ လွဲမှားစွာထင်မြင်ယူဆလျက် လူသား၏ အားထုတ်မှုနှင့် ကိုယ်ကျင့်တရား စိတ်ကောင်းထားရှိမှုကြောင့် ဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်နိုင်သည်ဟူသော ဘာသာရေးဆိုင်ရာအဆုံးအမသည် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသေးသည့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ တရားဒေသနာဖြစ်ပေသည်။"

၆။ ဤကဲ့သို့သော တွေးတောကြံဆ လက်ခံယုံကြည်ကြသည့် အချက်များသည် ပရိဗိုဇ်ရဟန်းများ၏ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ ပထမဆုံး ဟောကြားတော်မူခဲ့သော (Buddha's Sermon) တရားဒေသနာ(new Dhamma) အပေါ် ထုတ်ဖော်ဝန်ခံပြောဆိုသံများ ဖြစ်သည်။

၇။ ပရိဗိုဇ်ရဟန်းတော်များစိတ်ထဲ၌ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ကိုယ်ကျင့်သိက္ခာမြင့်မြတ်ရန်အလို့ငှာ ပြည့်စုံကြွယ်ဝလေးနက်လှသည့် နည်းလမ်းနှင့် သူ၏ ခေတ်ကာလ အချိန်အခါသမယတွင် အလုံးစုံသော ဉာဏ်ပညာအရာ ယဉ်ကျေးမှုအနုပညာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်တော်မူသော ပြုပြင်ရေးသမား ဆရာမြတ်ဟူ၍ နားလည်သဘောပေါက်လာခဲ့ကြသည်။ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓအား ပရိဗိုဇ်ရဟန်းများက ဆက်လက်၍ ချီးကျူးစကား လျှောက်ထားကြသည်မှာ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် မိမိစိတ်ကို မိမိ ကိုယ်တိုင်ထိန်းချုပ်၍ မိမိကိုယ်မိမိ ယဉ်ကျေးသိမ်မွေ့စေခြင်း အလေ့အကျင့်ဖြင့် ကောင်းသည်ဘက်သို့ ဦးတည်ယိမ်းယိုင်စေလျက် အသက်ရှင်သန်နေသည့် လက်ရှိဘဝ၌ ဘက်စုံ ထောင့်စုံ စဉ်းစားတွေးခေါ်တတ်သည့် အသိဉာဏ်ပညာ ဗဟုသုတပြည့်စုံစွာဖြင့် မြင့်မြတ်သောရည်ရွယ်ချက်ထားရှိလျက် အတုမရှိ၊ အတူမရှိ အနှိုင်းမဲ့ပုဂ္ဂိုလ် သူမြတ်တစ်ဆူ ဖြစ်တော်မူပါ၏ဟူ၍ နှုတ်တွင်ဖွဖွ ရွတ်ဆိုကြလေ၏။

၈။ ပရိဗိုဇ်ရဟန်းတော်များတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ရိုသေလေးမြတ်စွာ ဂါရဝပြုကြလျက် ၎င်းတို့ ကျင့်ကြံအားထုတ်ခဲ့ကြသော အတ္တ ကိလမထနုယောဂအကျင့်များကို ချက်ချင်းလက်ငင်း စွန့်လွှတ်ကြ၍

၎င်းတို့အား ဗုဒ္ဓ၏တပည့်သာဝကများအဖြစ် အသိအမှတ်ပြုလက်ခံရန် ကိုယ်တိုင် အပ်နှံကြလေ၏။

၉။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓကလည်း ဧဟိဘိက္ခုခေါ်တော်မူ၍ (Come in Bhikkus (ဝါ) ပါဠိလိုအားဖြင့် Ehi Bhikkave)ပရိဗိုဇ်ရဟန်းတော်တို့ တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူခဲ့သည်။ ၎င်းတို့သည် ပဥ္စဝဂ္ဂီငါးပါး ( Panchavargiya Bhikkus)ဟူ၍ သတ်မှတ် ခေါ်တွင်ခဲ့လေသည်။

■

mgyoe.com

mgyoe.com

အပိုင်း(၃)

# ဘုရင်မင်းမြတ်နှင့် အကျင့်မြတ်ရှာကြံနေကြသူများအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးခြင်း

# PART III

# Conversion of the High and the Holy

| | |
|---|---|
| ၁။ Conversion of Yashas. | ယသသတို့သား ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း |
| ၂။ Conversion of Kassyapas. | ကဿဖ ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်ခြင်း |
| ၃။ Conversion of Sariputta and Moggallana. | အရှင် သာရိပုတ္တလောင်းလျာနှင့် အရှင်မဟာမောဂ္ဂလန်လောင်းလျာ ဗုဒ္ဓဘာသာသို့ကူးပြောင်းခြင်း |
| ၄။ Conversion of Bimbisara. | ဗိမ္ဗိသာရဘုရင်မင်းမြတ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း |
| ၅။ Conversion of Anathapindika. | အနာထပိဏ္ဍိကသူဌေး ဗုဒ္ဓဘာသာ ဖြစ်လာခြင်း |
| ၆။ Conversion of Pasenjit. | ပသေနဒီကောသလ ဘာသာပြောင်းခြင်း |
| ၇။ Conversion of Jecvaka. | ဇီဝကသမားတော် ဗုဒ္ဓဘာသာဝင် ဖြစ်လာခြင်း |

mgyoe.com

၈။ Conversion of Ratthapala. ရဋ္ဌပါလ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းခြင်း

mgyoe.com

## (၁) ယသသတို့သား ဗုဒ္ဓဘာသာသို့ကူးပြောင်းခြင်း
## (1) Conversion of Yashas.

၁။ ဗာရဏသီမြို့တွင် ဂုဏ်သိက္ခာကြီးသော ပုဂ္ဂိုလ်တစ်ဦး၏သားဖြစ်သူ ယသအမည်ရှိသော လူငယ်တစ်ဦးရှိ၏။ သူသည် အသက်အရွယ် နုငယ်သေးသူ၊ ရုပ်ရည်အဆင်းလှပပြီး ကျက်သရေရှိသဖြင့် လူအများတို့ ချစ်ခင်လေးစားခြင်း ခံရသူဖြစ်သည်။ သူ၏မိဘများက ယသအား အလွန် ချစ်မြတ်နိုးကြ၏။ သူသည် စည်းစိမ်ချမ်းသာကို ကောင်းစွာခံစားနေ၏။ သူသည် အိမ်ကြီးတစ်အိမ်ပိုင်ဆိုင် ပြီးလျှင် သူ၏အိမ်၌ မိန်းမအများအပြားထားရှိ၍ ကာမဂုဏ်အာရုံဖြင့် အချိန်ကုန် လွန်စေလျက် ကခုန်သီဆို မူးယစ်သောက်စား၍ အပျော်အပါးလိုက်စားသူ ဖြစ်သည်။

၂။ နေ့တွေ၊ ရက်တွေ၊ လတွေနှင့် နှစ်ချီပြီး အချိန်ကြာမြင့်လာသော အခါတွင် ကာမဂုဏ်အာရုံတွေကို ငြီးငွေ့ရွံရှာလာခဲ့လေသည်။ သူ၏စိတ်တွင် စဉ်းစားမိသည်မှာ ထိုမကောင်းမှုဒုစရိုက်မှုပြုလုပ်ကာ မူးယစ်သောက်စား၊ အပျော်ယမကာ၊ မိန်းမတို့၏မာယာတွေနှင့် အချိန်ကုန်ခြင်းမှ မည်ကဲ့သို့ လွတ်မြောက်နိုင်မည်နည်းဟူ၍ စဉ်းစားမိသည်။ သူသည် ထိုကဲ့သို့ ငြီးငွေ့ဖွယ်လျှောက်လှမ်းနေရသောဘဝထက် သာလွန်ကောင်းမွန်သောနည်းလမ်း အဘယ်သို့သော နည်းလမ်းဖြစ်မည်နည်းဟူ၍ မိမိကိုယ်ကိုမေးခွန်းထုတ်၍ လွတ်မြောက်မည့် နည်းလမ်းကို ရှာကြံနေမိသည်။ မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို မသိဘဲ သူ့ဖခင်ကြီး၏အိမ်မှ ထွက်ခွာသွားရန် စိတ် ဆုံးဖြတ်လိုက်သည်။

၃။ ညဉ့်တစ်ညဉ့်၌ သူသည် သူ့ဖခင်၏အိမ်မှထွက်ခွာခဲ့ပြီး မည်သည့်ရည်ရွယ်ချက် တစ်စုံတစ်ရာမရှိဘဲ ခြေဦးတည့်ရာ လျှောက်သွားနေခဲ့သည်။ သူသည် ဣသိပတန(Isipathana)အရပ်ဒေသသို့ ဦးတည်လာခဲ့သည်။

၄။ မောပန်းလာသောအခါ သူထိုင်ချလိုက်ပြီး ကျယ်လောင်သောအသံ

mgyoe.com

ဖြင့် တစ်ယောက်တည်းစကားပြောသည်မှာ "ငါဘယ်ရောက်နေပါလိမ့်၊ ဒီလမ်းက ဘယ်ရောက်သပဲ?၊ ဟူး-ဘာ့တွေလဲ၊ စိတ်ညစ်စရာပဲ! ဟူး-ဘာတွေလဲ၊ ကြောက်လန့်စရာပဲ!"

၅။ အဆိုပါ နေ့ရက်၏ညဥ့်အချိန်မှာပင်လျှင် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ (The Blessed One)သည် ပဉ္စဝဂ္ဂီဘိက္ခုတို့(Panchavargiya Bhikkys) အား တရားဦး ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့သည်။ ထိုညဥ့် မိုးသောက် အလင်းရောက်ချိန်၌ ယသသတို့သားသည် ဣတိပသန အရပ် ဒေသသို့ ချဉ်းကပ်ဆိုက်ရောက်လာချိန်တွင် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် အိပ်စက်ရာမှ နိုးထပြီး ကွင်းပြင်တစ်ခု၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေသည်။ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓက ယသသတို့သားအား တွေ့မြင်တော် မူပြီး ၎င်း၏ စိတ်ထဲတွင် ခံစားနေရသည့် စိတ်ဒုက္ခကို သိမြင်တော်မူ၏။

၆။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ယသသတို့သား၏ အော်ဟစ် ငိုယို လျက် စိတ်သောကရောက်နေသည်ကို တွေ့ရှိရပြီးနောက် မြွက်ကြားတော် မူသည်မှာ "ဤနေရာတွင် စိတ်ညစ်စရာမရှိပေ၊ ဤနေရာ၌ မည်သည်မျှ ကြောက်လန့်စရာ မရှိပါ။ လာလှည့်ပါ၊ ကြည့်လှည့်ပါ၊ ငါဘုရားလမ်းပြပေး ပါမယ်"ဟူ၍ ဒကာလေးယသသတို့သားအား ဟောမိန့်တော် မူလိုက်သည်။

၇။ ယသသတို့သားသည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ မြွက်ကြားသည့် စကားကို ကြားသိရပြီး ဝမ်းသာရွှင်မြူးနှလုံးကြည်သာဖြစ်လာပြီး သူဝတ်ဆင် စီးနင်းထားသည့်ဖိနပ်ကိုချွတ်ပြီးနောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ အနီးအနား သွားရောက်ကာ ရိုသေစွာ ရှိခိုးဝတ်ချလိုက်လေသည်။

၈။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏စကားကို ကြားသိရလျှင် ယသသတို့သား က ရှင်တော်ဂေါတာမြတ်ဗုဒ္ဓအား သူ၏သာဝကအဖြစ် သတ်မှတ်ပေးပါရန် တောင်းပန် လျှောက်ထားလိုက်လေ၏။

၉။ ထို့နောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ယသသတို့သားအား မိန့်မြွက် မှာကြားရာတွင် သူတောင်းပန်လျှောက်ထားသည့်အတိုင်း ဘိက္ခုရဟန်းတော် အဖြစ် ခွင့်ပြုတော်မူလိုက်လေ၏။

၁၀။ ယသသတို့သား၏မိဘနှစ်ပါးသည် ၎င်းတို့၏သား အိမ်မှ ထွက်

mdyoe.com

သွားပြီး မည်သည့်နေရာရောက်နေသည် မသိရသဖြင့် များစွာပူပန်သောက ရောက်နေ ကြရှာ၏။ ဖခင်ဖြစ်သူသည် သားပျောက်ကို စတင်ရှာဖွေ၏။ ဘိက္ခု သင်္ကန်းရောင် ဝတ်ဆင်ထားသူ ယသသတို့သားနှင့်ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ တို့ နှစ်ဦး အတူတကွ ထိုင်နေကြစဉ် ထိုအနီးအနားမှ ဖြတ်သန်းသွားသူ ယသ ၏ ဖခင်က ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား မေးမြန်းစုံစမ်းသည်။ "အရှင်မြတ် ဘုရား- တပည့်တော်၏သားယသကို တွေ့ပါသလားဘုရား။"

၁၁။ "လာပါ ကြွပါ။ အတွင်းသို့ဝင်ပါဦး။ အသင်၏သားကို တွေ့ရပါလိမ့် မည်"ဟူ၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓကပြန်ဖြေလိုက်၏။ ယသ၏ဖခင်သည် အဆောက်အဦအတွင်းသို့ ဝင်ရောက်ပြီး သူ့ရဲ့သားယသအနီးတွင် ဝင်ထိုင် လိုက်၏။ သို့သော် ယသအား သူ့သား ဖြစ်နေသည်ကို သူမသိသေးပေ။

၁၂။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ယသ မည်သို့မည်ပုံ ရောက်ရှိလာပြီး တွေ့ရှိရပုံနှင့် ဘိက္ခုရဟန်းပြုပေးပုံတို့ကို ယသ၏ဖခင်အား ရှင်းလင်း မြွက်ကြားလိုက်၏။ ထိုအခါ ယသသတို့သား၏ဖခင်သည် သူ့သားအား အသေအချာကြည့်ပြီး မှတ်မိသည့်အခါဝမ်းမြောက်ဝမ်းသာဖြစ်လျက် သူ၏ သားယသသည် လမ်းမှန်ကို ရွေးချယ်ခဲ့ကြောင်း ပြောဆိုလိုက်၏။

၁၃။ "ငါ့သား ယသ၊ အသင်၏မိခင်မှာ စိတ်ပင်ပန်း၍ကိုယ်နွမ်းနယ်ပြီး အကြီးအကျယ်ဝမ်းနည်းပူဆွေးနေပါ၏။ အိမ်သို့ပြန်လည်လိုက်ပါခဲ့ပါ၊ သင်၏ မိခင်အသက်ရှင်လျက်ရှိနေစေလိုလျှင် အိမ်သို့လိုက်ပါခဲ့ပါ"ဟူ၍ ယသ၏ ဖခင်က ပြောကြားလိုက်၏။

၁၄။ ထိုအခါ ဘိက္ခုယသက ရှင်တော်မြတ်ဗုဒ္ဓကို ကြည့်လိုက်၏။ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓက ဘိက္ခုယသ၏ဖခင်ကိုကြည့်ပြီးနောက် "ဒကာကြီး၊ အသင်၏သား ယသသည် ယခုအခါ ရဟန်းဘဝ ရောက်ရှိနေပါ၏။ သင်တို့ ရဲ့ သားယသအား ယခင်အတိုင်း လူ့ဘောင်လောကီရဲ့ အပျော်အပါးတွေ ကြားထဲမှာ ပြန်နေစေချင်ပါသလား?"ဟူ၍ မေးမြန်းတော်မူလိုက်၏။

၁၅။ ထို့နောက် ယသ၏ဖခင်က "အကယ်၍ ကျွန်ုပ်၏သားယသသည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓနှင့်အတူ ဆက်လက်၍ နေထိုင်လိုသည်ဖြစ်ပါက ဆက်လက်နေခွင့်ပြုပါသည်"ဟူ၍ ပြန်ပြောလိုက်သည်။ ယသသည် ဘိက္ခု

ဘဝဖြင့် နေထိုင်ရန် ပို၍သဘောကျသည်။

၁၆။ ယသ၏ဖခင်သည် ထိုနေရာမှ မထွက်ခွာသွားမီ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသို့ လျှောက်ထားသည်မှာ "အို ရှင်တော်ဂေါတမမြတ်ဗုဒ္ဓဘုရား၊ ယသအား တပည့်တော်၏မိသားစုနှင့်အတူ အိမ်မှာအစားအသောက်များ စားသုံးစေချင်ပါတယ်၊ ခွင့်ပြုပါဘုရား"။

၁၇။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက သူ၏ကိုယ်ရုံသင်္ကန်းကို ပြင်ဆင်ဝတ်ဆင်လိုက်ပြီးလျှင် သပိတ်ကို စနစ်တကျ ပွေ့ပိုက်ကိုင်ဆောင်လျက် ယသနှင့်အတူ ၎င်း၏ဖခင်နေအိမ်သို့ ကြွရောက်ခဲ့လေသတည်း။

၁၈။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓနှင့်ဘိက္ခုယသတို့သည် ယသ၏ဖခင်နေအိမ်သို့ ရောက်ရှိသည့်အခါ ဘိက္ခုယသ၏မိခင်နှင့် ဘိက္ခုယသ၏ လူ့ဘဝဇနီး မယားတို့တွေ့ရှိကြသည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဆွမ်းဘုဉ်းပေးပြီးနောက် ဘိက္ခုယသ၏မိသားစုတို့အား တရားဒေသနာကို ချီးမြှင့် ဟောကြားတော် မူသည်။ ဘိက္ခုယသ၏မိသားစုအားလုံး ဝမ်းသာပျော်ရွှင်ကြပြီး ၎င်းတို့အားလုံး ဗုဒ္ဓသာသနာတော်ကို ယုံကြည်ကိုးကွယ်ကြမည်ဖြစ်ကြောင်း ဝန်ခံကြသည်။

၁၉။ ထိုအချိန်၌ ဗာရဏသီမြို့၏မျက်နှာဖုံး ဥစ္စာဓနကြွယ်ဝချမ်းသာကြသူများဖြစ်ကြသည့် ဘိက္ခုယသ၏သူငယ်ချင်း လေးဦးကိုလည်း တွေ့ရှိရသည်။ ၎င်းတို့မှာ ဝိမလ(Vimala)၊ သုဗာဟု(Subahu)၊ ပုဏ္ဏဇိ (Punyajit) နှင့် ဂဝံပတိ(Gavampati)တို့ ဖြစ်ကြသည်။

၂၀။ ဘိက္ခုယသ၏သူငယ်ချင်းများက ယသသတို့သားဘဝကို စွန့်လွှတ်၍ ဗုဒ္ဓ၏သားတော်အဖြစ် ဘိက္ခုရဟန်းဘဝ ခံယူသွားကြောင်းသိရှိကြပြီး ၎င်းတို့ကိုယ်တိုင်လည်း ဗုဒ္ဓ၏ဓမ္မ (Dhamma)အပေါ် လေးစားခဲ့ကြသည်။ "ယသသတို့သားအနေဖြင့် ဗုဒ္ဓ၏တရားတော်အား ကောင်းမြတ်သည်ဟု လက်ခံယုံကြည်လျှင် အကျွန်ုပ်တို့သည်လည်း လက်ခံယုံကြည်ရမည်"ဟူ၍ ပြောဆိုကြသည်။

၂၁။ ထိုသို့ ၎င်းတို့အချင်းချင်း သဘောတူညီကြပြီးလျှင် ဘိက္ခုယသထံသို့ သွားရောက်ခဲ့ကြပြီး ၎င်းတို့အား ဗုဒ္ဓသာသနာတွင် ရှင်တော်ဂေါတမ

မြတ်ဗုဒ္ဓအား ဆည်းကပ်ကိုးကွယ်သူအဖြစ် သတ်မှတ်ပေးရန်အတွက် လျှောက်ထားပြောဆိုကြသည်။

၂၂။ ဘိက္ခုယသက သဘောတူလက်ခံပြီး ရှင်တော် ဂေါတမ မြတ်ဗုဒ္ဓထံသို့ သွားရောက်ခဲ့ပြီး "ရှင်တော်မြတ်ဗုဒ္ဓဘုရား- တပည့်တော်၏သူငယ်ချင်းလေးယောက်တို့အား တရားဓမ္မဟောကြားချီးမြှင့်ပေးစေလိုပါသည်ဘုရား။" ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ယသဘိက္ခု၏ တောင်းပန်ချက်ကို လက်ခံပြီး ၎င်းတို့အား ဗုဒ္ဓသာသနာတော်၏ သာဝကများအဖြစ် ခွင့်ပြုတော်မူလိုက်သည်။ (ဘာသာပြန်သူ၏မှတ်ချက်- ဇိနတ္ထပကာသနီကျမ်းစာမျက်နှာ ၄၇ မှ ၄၉ ထိ ဖတ်ရှုပါရန် )

## (၂) ကဿပ ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်ခြင်း
## (2) Conversion of Kassyapas.

၁။ ဗာရဏာသီမြို့(Benaras)၌ ကဿဖအမည်ရှိသော မိသားစုရှိ၏။ အဆိုပါ ကဿဖမိသားစုအတွင်း သားသုံးယောက်ရှိသည်။ ၎င်းတို့သည် အဆင့်မြင့်ပညာအရည်အချင်းရှိသူများဖြစ်၍ ဘာသာယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ဘဝရှင်သန်မှုတွင် အကန်းယုံ၊ အရမ်းယုံကြည်မှု မဟုတ်မူ၍ စဉ်းစားဉာဏ်နှင့် သတိထားလေ့လာပြီးမှသာ ယုံကြည်ကိုးကွယ်မှုပြုသူများဖြစ်၏။

၂။ အချိန်အတန် ကြာပြီးနောက် ၎င်းတို့ ညီအစ်ကိုသုံးဦးအနက် အစ်ကိုကြီးဖြစ်သူသည် ရဟန်းပြုရန်(Sannyasa)စဉ်းစားမိ၏။ ၎င်းသည် နိက္ခမ္မစောပြီး တောထွက်ရန် ဆုံးဖြတ်ချက်အတိုင်း ဥရုဝေလတော (Uruvella) သို့ ဦးတည်၍ သူ့အိမ်မှ ထွက်ခွာခဲ့လေသည်။ ဥရုဝေလတောထဲ၌ သင်္ခန်းကျောင်း(Ashram) ဆောက်လုပ်နေထိုင်လေ၏။

၃။ သူ၏ညီအငယ်နှစ်ယောက်တို့သည်လည်း ၎င်းတို့အစ်ကိုကြီး၏ နောက်သို့ လိုက်ပါသွားရောက်ကြပြီး ရဟန်းဘဝ(Sannyasis) ခံယူခဲ့ကြလေ၏။

၄။ ၎င်းတို့အားလုံးသည် မီးကိုယုံကြည်ကိုးကွယ်ရာဟူ၍ မှတ်ယူပြီး

မီးပူဇော်သူများ(Agnihotris) (ဝါ) Worishipers of fire ဖြစ်ကြလေသည်။ ၎င်းတို့သည် ဆံကေသာကို မရိတ်သိမ်းဘဲ အရှည်ထားကြသဖြင့် ၎င်းတို့အား ဇဋိလများ(Jatilas)ဟူ၍ ခေါ်ဆိုသည်။

၅။ အဆိုပါညီအစ်ကိုသုံးဦးတို့အား ဥရုဝေလကဿဖ(Uruvela Kasayapa)၊ နဒီကဿဖ(Kassyapa of the River, i.e, Niranhana (ငါ) နေရဉ်နာမြစ်)နှင့် ဂယာရွာကိုအစွဲပြု၍ ဂယာကဿဖ(Gaya Karsyapa) ဟူ၍ ခေါ်သည့် ညီအစ်ကိုသုံးယောက်ဖြစ်ကြသည်။

၆။ ၎င်းတို့ညီအစ်ကိုသုံးဦးတို့တွင် ဥရုဝေလကဿဖ၏ နောက်လိုက်နောက်ပါ ဇဋိလ(ဝါ) ရသေ့ငါးရာရှိ၏။ နဒီကဿဖတွင် နောက်လိုက်နောက်ပါ ဇဋိလ(ဝါ) ရသေ့သုံးရာရှိပြီး၊ ဂယာကဿဖတွင် နောက်လိုက်နောက်ပါ ဇဋိလ (ဝါ) ရသေ့နှစ်ရာရှိကြကုန်၏။ အစ်ကိုအကြီးဆုံးဖြစ်သူ ဥရုဝေလကဿဖသည် အကြီးအကဲရသေ့ကြီးဖြစ်၏။

၇။ ဥရုဝေလကဿဖ၏ ဂုဏ်သတင်းကျော်ဇောခြင်းသည် ရပ်နီးရပ်ဝေး အရပ်ဒေသများသို့ ပျံ့နှံ့သွားခဲ့၏။ သူသည် ယခုပစ္စုပ္ပန်ဘဝ၌ပင် မုတ္တိ (Mukti) ခေါ် သံသရာမှလွတ်မြောက်မှု(Salvation) ရရှိပြီးသူဖြစ်သည်ဟူ၍ သိနားလည်ကြ၏။ ဖါလ်ဂူမြစ်(River Falgu) ကမ်းနဖူး၌တည်ရှိသော သူ၏ ကျောင်းသင်္ခန်း(Ashram)သို့ များစွာအလှမ်းဝေးကွာသည့် အရပ်ဒေသနေ လူအများတို့သည်ပင် လာရောက်ဖူးမြော်ကြလျက်ရှိသည်။

၈။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဥရုဝေလကဿဖ၏ ဂုဏ်သတင်းကို ကြားသိတော်မူခဲ့ပြီး အခြေအနေပေးလျှင် ၎င်းအား သာဝက(gospel)ဖြစ်လာစေရန် သူ၏တရားဓမ္မ(His Dhamma)ကို ဟောကြားရန် စိတ်တွင် ဖြစ်ပေါ်ခဲ့သည်။

၉။ ဥရုဝေလကဿဖ မည်သည့်အရပ်ဒေသ၌ရှိသည်ကို စုံစမ်းသိရှိတော်မူပြီးနောက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ(Blessed Lord)သည် ဥရုဝေလတောသို့ ကြွသွားတော်မူသည်။

၁၀။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ(The Blessed One)က ဥရုဝေလကဿဖအား တွေ့ဆုံပြီး ၎င်းအား ဗုဒ္ဓဘာသာသာသနာသို့ ကူးပြောင်းလာ

စေရေးအတွက် လမ်းညွှန်သင်ကြားပြသရန် အခါအခွင့်စောင့်ဆိုင်းပြီးနောက် "အို ကဿဖ၊ သင့်အတွက် တာဝန်မကြီးလျှင် သင်၏ကျောင်းသခ်န်းတွင် တစ်ညဉ့်တာမျှ ငါ့အားနေထိုင်တည်းခိုခွင့်ပြုပါလော့"ဟူ၍ ခွင့်တောင်းတော်မူလိုက်၏။

၁၁။ ကဿဖက ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား "အသင်တောင်းဆိုသည့် တစ်ညဉ့်တာတည်းခိုနေထိုင်ခွင့် မပြုနိုင်ပါ။ ဤကျောင်းသခ်န်း၌ မုစလိန္ဒာ (Muchalinda)အမည်ရသော အဆိပ်ပြင်းထန်သည့် နဂါးကြီးတစ်ကောင် ရှိပါတယ်။ အဲဒီကျောင်းဆောင်ဟာ သူရဲ့ပိုင်နက်ဖြစ်တယ်။ သူ့မှာကြောက်ရွံ့ဖွယ်ရာကောင်းတဲ့ တန်ခိုးဣဒ္ဓိရှိတယ်။ အဲဒီနဂါးကြီးက မီးပူဇော်လိုသည့် ရသေ့သူတော်စင်(ascetics)များအား ကြီးစွာရန်ပြုတတ်ပါသည်။ ၎င်းသည် ညဉ့်အချိန်တွင် ကျောင်းသခ်န်းသို့လာရောက်တတ်ပြီး အကြီးအကျယ်ရန်ပြုနှောက်ယှက်ပါတယ်။ ၎င်းသည် အကျွန်ုပ်အား မကြာခဏအနှောင့်အယှက်ပြု ရန်မူလေ့ရှိပါတယ်။ အသင့်အား အန္တရာယ်ပြု ရန်မူမည်ကိုတွေးပြီး စိုးရိမ်ပူပန်မိပါတယ်။ ဒါကြောင့် တည်းခိုခွင့်မပြုနိုင်ခြင်းဖြစ်ပါတယ်"ဟူ၍ပြော၏။

၁၂။ နဂါးများသည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓနှင့် မိတ်ဆွေများဖြစ်သည်ကို ကဿဖ မသိသေးပေ။ သို့ရာတွင် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ထိုအကြောင်းအရာကို သိရှိထားပြီးဖြစ်သည်။

၁၃။ ထို့ကြောင့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ကဿဖအား ထပ်မံ၍ တောင်းပန် ပြောကြားသည်မှာ "အဲဒီနဂါးကြီးဟာ အကျွန်ုပ်အား မည်သည့် အန္တရာယ်မျှ မပြုပါ။ အို ကဿဖ ကျွန်ုပ်တောင်းပန်ပါ၏။ ဒီညဉ့်တစ်ညဉ့်အဖို့ရာ အသင်၏ မီးဖိုဆောင်မှာ ကျွန်ုပ်ကိုတည်းခိုခွင့်ပြုပါ"ဟူ၍ ဖြစ်၏။

၁၄။ ကဿဖက နဂါး၏အန္တရာယ်နှင့်ပတ်သက်၍ ဖြစ်လာနိုင်သည့်အခြေအနေအရပ်ရပ်ကို ဆက်လက်ပြောပြ၏။ ထိုအခါ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓကလည်း ခွင့်ပြုပေးရန် အထပ်ထပ်အခါခါ တောင်းဆို၏။

၁၅။ ကဿဖက ဆက်လက်၍ပြောကြားသည်မှာ "နဂါးကြီး၏ အန္တရာယ်နှင့် စပ်လျဉ်းပြီး ကျွန်ုပ်၏စိတ်ထဲမှာ ဘာသံသယမျှမရှိပါ။ ကျွန်ုပ် ကြောက်ရွံ့မှုနှင့် စိုးရိမ်မှုကို ပြောပြခြင်းဖြစ်ပါ၏။ သို့ရာတွင် အသင်၏စိတ်ဆန္ဒအတိုင်းသာ

ဖြစ်ပါစေ”ဟူ၍ ဖြစ်၏။

၁၆။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ကဿဖ၏ကျောင်းဝင်းအတွင်းရှိ မီးတင်းကုပ်ထဲသို့ ဝင်ရောက်သွား၏။

၁၇။ မုန္စလိန္ဒနဂါးမင်း(Naga King Muchalinda)သည် ယခင်အတိုင်း သူလာနေကျအချိန် မီးတင်းကုပ်အခန်းအတွင်းသို့ ဝင်လာ၏။ ၎င်းဝင်လာသောအခါ နဂါးမင်းသည် ရသေ့ကြီးကဿဖအစား ရှင်တော် ဂေါတမမြတ်ဗုဒ္ဓအား ထိုင်နေသည်ကို တွေ့မြင်၏။

၁၈။ မုန္စလိန္ဒနဂါးမင်းသည် မီးတင်းကုပ်အတွင်း တည်ငြိမ်အေးချမ်းစွာဖြင့် ထိုင်နေတော်မူသည့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား ဖူးတွေ့ရပြီး ၎င်း၏စိတ်တွင် နတ်မင်းကြီးတစ်ပါး၏ ရှေ့မှောက်သို့ ရောက်နေသကဲ့သို့ ခံစားရလျက် ၎င်း၏ ဦးခေါင်းကိုညွတ်ပြီး ရိုသေစွာဂါရဝပြုပူဇော်လိုက်၏။

၁၉။ ရသေ့ကြီး ကဿဖသည် ထိုနေ့ညဥ့်၌ အိပ်၍မပျော်။ နိုးသော်ကြောင့်ကြစိုးရိမ်သောကဖြင့် သူ၏ ကျောင်းမီးတင်းကုပ်အတွင်း တည်းခိုနေသည့် ဧည့်သည် မည်သို့ဖြစ်သွားပြီလဲဟူ၍ တွေးတောပူပန်နေခဲ့သည်။ ထို့ကြောင့် သူ၏ဧည့်သည်မှာ မီးလောင်ပြာကျ ဒုက္ခရောက်ခဲ့ပြီဟူသော စိုးရွံ့ထိန်လန့်မှုဖြင့် အိပ်ရာမှနိုးခဲ့လေ၏။

၂၀။ နံနက်မိုးသောက် အလင်းရောက်သည်နှင့်တစ်ပြိုင်နက် ရသေ့ကြီးကဿဖနှင့် သူ၏နောက်လိုက်နောက်ပါရသေ့များအားလုံးတို့သည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား လာရောက်ဝိုင်းအုံကြည့်ရှုကြ၏။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် မုန္စလိန္ဒနဂါးမင်း၏ရန်မှ လွတ်ကင်းစွာဖြင့် တွေ့ရှိရသည့်အပြင် မုန္စလိန္ဒနဂါးမင်းသည် မြတ်ဗုဒ္ဓအား ဦးခိုက်ပူဇော်နေသည်ကိုလည်း တွေ့ရှိကြသည်။

၂၁။ ဤသို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား မုန္စလိန္ဒနဂါးမင်းက ဦးခိုက်ပူဇော်နေသည့် မြင်ကွင်းအရ ရသေ့ကြီးကဿဖနှင့် ၎င်း၏တပည့်ရသေ့များအားလုံးတို့သည် အံ့သြစွာဖြင့် ရင်သပ်ရှုမောဖြစ်ကြလေ၏။

၂၂။ ရသေ့ကြီးကဿဖသည် ထို ထူးဆန်းအံ့သြဖွယ်ရာ အခြေအနေကို တွေ့မြင်ရပြီး ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သူ၏ကျောင်းသင်္ခမ်းတွင် သူနှင့်